# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝါဒ(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက် | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၁၀)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ်( ၁၆ / ၂၀၂၆ )

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ်**

**ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်း ကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉ (ခ) နှင့် အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| ကချင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) | | | | |
| (၁) | ဦးရန်ခိုဖုန် | ၁/မကန(နိုင်)၀၁၄၈၇၈ | အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဒေါ်ဒွဲဘူ | ၁/မကန(နိုင်)၀၃၇၄၀၅ | အမှတ်(၅) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ကချင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | | | | |
| (၃) | ဦးဂျာလီရဲ့ | ၁/ပတအ(နိုင်)၀၃၃၀၈၆ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးမင်းမင်းထွန်း | ၅/ရဥန(နိုင်)၀၇၆၉၁၄ | အမှတ်(၈) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |

စာမျက်နှာ ၆ ကော်လံ ၁ ❑

**ယနေ့ ဗတ်စရာ**

**မြန်မာနိုင်ငံမှ ပထမအကြိမ်လျှောက်လဲခြင်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ နှင့် မြန်မာနိုင်ငံ၏ ရှေ့နေများက ချေပလျှောက်လဲ**

ပြည်တွင်းသတင်း | စာ ၃

**အဲဒီအချိန် မြန်မာ့အသံမှာ တိုင်းရင်းသားဘာသာ အစီအစဉ်နဲ့ နယ်ခြားဒေသလူမျိုးစုအစီအစဉ်ဆိုပြီး နှစ်ခုကို ခွဲထားပါတယ်။ ဘင်္ဂါလီဆိုတဲ့ ရိုဟင်ဂျာ အသံလွှင့်အစီအစဉ်က တိုင်းရင်းသားမဟုတ်တဲ့ အတွက်ကြောင့် အဲဒီအချိန်ကတည်းကိုက နယ်ခြား ဒေသလူမျိုးစုအစီအစဉ်ဆိုပြီး ထည့်သွင်းထားတာ ကို ၁၉၆၁ ခုနှစ် နေ့စဉ်ထုတ် သတင်းစာတွေမှာ လေ့လာတွေ့ရှိခဲ့ရပါတယ်**

ပြည်တွင်းသတင်း | စာ ၈

**အပူပိုင်းအညာတစ်ခွင် အေးမြဖို့ စိုက်ပြီးပျိုးပင်ရေလောင်းစို့**

ဆောင်းပါး | စာ ၁၀

# ကြံသီးနှံ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ကြံပင်တစ်သျှူးမွေးမြူခြင်းနည်းပညာလုပ်ငန်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံတစ်ဝန်းရှိ ကြံသီးနှံစိုက်ပျိုးထုတ်လုပ်သူတောင်သူများ ကြံသီးနှံအထွက်နှုန်း ပိုမိုကောင်းမွန်ပြီး စီးပွားရေးတွက်ခြေကိုက်၍ အမြတ်အစွန်းရရှိစေရန်နှင့် ပြည်ပပို့ကုန်အရည်အသွေးကောင်း သကြားတင်ပို့ထုတ်လုပ်နိုင်ပြီး နိုင်ငံ့ဝင်ငွေပိုမိုရရှိစေရန်ရည်ရွယ်ကာ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ကြံသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ ကြံပင်တစ်သျှူးမွေးမြူရေး ဓာတ်ခွဲခန်း၌ ကြံစိုက်ပျိုးသည့် ဒေသအသီးသီးသို့ မျိုးကောင်းမျိုးသန့် ကြံထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ကြံပင်တစ်သျှူး မွေးမြူခြင်းနည်းပညာလုပ်ငန်းကို ပညာရှင်ဝန်ထမ်း ၁၉ ဦးဖြင့် ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) သကြားထွက်သီးနှံဌာနခွဲမှ သိရသည်။

အဆိုပါ ကြံပင်တစ်သျှူး မွေးမြူခြင်း နည်းပညာလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအထိ ကြံသီးနှံစိုက်ပျိုးသည့် ဒေသများသို့ တစ်သျှူးမွေးမြူခြင်းနည်းဖြင့် ထုတ်လုပ်ရရှိလာသော ကြံသီးနှံမျိုးကောင်းမျိုးသန့်များကို ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်းနှင့် ၎င်း၏မျိုးအမည်မှာ နဝဒေး (၄) ဟု အမည်ပေးထားကြောင်း သိရသည်။

"ပျဉ်းမနားမြို့နယ်အတွင်းမှာ ရှိတဲ့ ကြံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံကို ၁၉၉၆ ခုနှစ်မှာ စတင် ဖွင့်လှစ်ပြီး ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်ကစပြီး ကြံပင်တစ်သျှူး မွေးမြူခြင်း နည်းပညာကို ဆောင်ရွက်ခဲ့တယ်။

စာမျက်နှာ ၉ ကော်လံ ၁ ✪



# မြန်မာနိုင်ငံမှ ပထမအကြိမ်လျှောက်လဲခြင်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေနှင့် မြန်မာနိုင်ငံ၏ ရှေ့နေများက ချေပလျှောက်လဲ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ (Oral Hearing) ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်လျက်ရှိရာ ဇန်နဝါရီ ၁၆ ရက်က မြန်မာနိုင်ငံမှ ပထမအကြိမ် လျှောက်လဲခြင်း ဆောင်ရွက်ရာတွင် မြန်မာ၏ ကိုယ်စားလှယ် (Agent) ဖြစ်သူ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အဖွင့်မိန့်ခွန်းပြောကြားပြီးနောက် မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr. Christopher Staker က အမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက် အကျဉ်းချုပ်၊ တရားစွဲဆိုမှုများ၏ အကန့်အသတ် နယ်ပယ်နှင့် နောက်ခံအချက်အလက်များကို လျှောက်လဲရာတွင် "ရိုဟင်ဂျာ" နှင့် "ကုလား" အသုံးအနှုန်းများ၏ ဇာစ်မြစ်များနှင့် သမိုင်းကြောင်းများအရ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီမွတ်ဆလင်များမှာ ဗြိတိသျှကိုလိုနီခေတ်မှစ၍ မြန်မာနိုင်ငံသို့ ဘင်္ဂလားနယ်မှ ဝင်ရောက်လာသူများဖြစ်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် ဤအမှုတွင် အဓိကအားပြု၍ ကိုးကားအသုံးပြုထားသည့် ကုလသမဂ္ဂအချက်အလက် ရှာဖွေရေးအဖွဲ့ (Fact Finding Mission (FFM)) ၏ အစီရင်ခံစာများနှင့် ၎င်းက စုဆောင်းကောက်ယူထားသည့် ထွက်ဆိုချက်များသည် တရားရုံးက ထည့်သွင်းစဉ်းစားသင့်သည့် သက်သေအဆင့်အတန်း မမီပါကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (Independent Investi-gative Mechanism for Myanmar (IIMM)) သည် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးအတွက် သက်သေစုဆောင်းမည့်အဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းဆောင်ရွက်သည့် ကာလအတွင်း ယခုအမှုအတွက် သက်သေထွက်ဆိုချက် ၄၂ ခုသာ ထောက်ပံ့ပေးနိုင်ပြီး ယင်းတို့အနက် ဂမ်ဘီယာက ၁၂ ခုကိုသာ ကိုးကားထားကြောင်း၊ မြန်မာအနေဖြင့် အထက်ပါအဖွဲ့အစည်းနှစ်ခုလုံးကို အသိအမှတ်မပြု၊ ပူးပေါင်းဆောင်ရွက်ခြင်း မပြုသော်လည်း ဂမ်ဘီယာ၏ သက်သေအကိုးအကားများကို ချေဖျက်ရုံမျှသာကိုးကားဖော်ပြခြင်းဖြစ်ကြောင်း စသည်ဖြင့် ချေပလျှောက်လဲသည်။ (မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr. Christopher Staker ၏ ချေပလျှောက်လဲချက်များကို သီးခြားဖော်ပြထားပါသည်။)




ထို့နောက် မြန်မာနိုင်ငံ၏ ရှေ့နေ Prof. Alina Miron က အသုံးချဥပဒေ (လူမျိုးသုဉ်းစေမှုဆိုင်ရာ သဘောတူစာချုပ်) ပါ ပြဋ္ဌာန်းချက်များအရ လူမျိုးသုဉ်းစေရန် ရည်ရွယ်ချက်မြောက်ခြင်း/မမြောက်ခြင်းနှင့်ပတ်သက်၍ လျှောက်လဲတင်ပြရာတွင် ဂမ်ဘီယာအနေဖြင့် တရားရုံး၏ ယခင်စီရင်ထုံးများ၊ ယခင်ယူဂိုဆလားဗီးယားနိုင်ငံအတွက် ဖွဲ့စည်းခဲ့သည့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICTY) စီရင်ထုံးများ၊ ကြားဖြတ်ဝင်ရောက်သည့် နိုင်ငံများကို ကိုးကား၍ လျှောက်လဲထားသော်လည်း အမှန်မှာမူ တရားရုံး၏ သုံးသပ်ဆုံးဖြတ်မှုများနှင့် မတူညီဘဲ လိုရာဆွဲထားခြင်းဖြစ်ကြောင်း ချေပလျှောက်လဲသည်။ (မြန်မာနိုင်ငံ၏ ရှေ့နေ Prof. Alina Miron ၏ ချေပလျှောက်လဲချက်ကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ မြန်မာနိုင်ငံ၏ ရှေ့နေ Mr. Stefan Talmon နှင့် Ms. Chiara Cordone တို့က သက်သေပြရန် တာဝန်ရှိမှု၊ သက်သေပြသည့်နည်းလမ်းများနှင့်ပတ်သက်၍ လျှောက်လဲတင်ပြရာတွင် မြန်မာနိုင်ငံ၏ အကြမ်းဖက်မှုချေမှုန်းရေး ဆောင်ရွက်ချက်များသည် ဂမ်ဘီယာက စွပ်စွဲလျှောက်လဲထားသကဲ့သို့ လူမျိုးသုဉ်းစေခြင်းမှလွဲ၍ အခြားကောက်ယူရမည့် သုံးသပ်ချက် လုံးဝမရှိသည့် အခြေအနေ မဟုတ်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် တရားရုံးတော်၏ကိုယ်ပိုင်စဉ်းစားသုံးသပ်၍ ဆုံးဖြတ်ပေးရမည့် အခန်းကဏ္ဍကို လျစ်လျူရှု၍ FFM ၏ ကောက်ချက်တစ်ခုတည်းအပေါ်သာအားပြု၍ လူမျိုးသုဉ်းစေမှုမြောက်သည်ဟု တရားရုံးက ဆုံးဖြတ်ပေးရန် တောင်းဆိုနေခြင်းဖြစ်ကြောင်း ချေပလျှောက်လဲသည်။

(မြန်မာနိုင်ငံ၏ ရှေ့နေ Mr. Stefan Talmon နှင့် Ms. Chiara Cordone တို့၏ ချေပလျှောက်လဲချက်များကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် မြန်မာနိုင်ငံ၏ ရှေ့နေ Ms. Leigh Lawrie KC က Arakan ရိုဟင်ဂျာလွတ်မြောက်ရေး တပ်မတော် (ARSA) အကြမ်းဖက်အဖွဲ့နှင့်ပတ်သက်၍ လျှောက်လဲတင်ပြရာတွင် အာဆာ ဖြစ်ပေါ်ပြောင်းလဲလာပုံနှင့် စုဖွဲ့လေ့ကျင့်မှု၊ အရပ်သားများကို အင်အားစုဆောင်းမှုများအကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် အာဆာ၏ စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်သည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက်မှုချေမှုန်းရေး၊ အခြားလုံခြုံရေးအစီအမံများ တန်ပြန်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အာဆာ၏ ဖြစ်တည်မှုကို ဂမ်ဘီယာကဖုံးအုပ်လျှော့ချပြီး လျှောက်လဲထားခြင်းမှာ မမှန်ကန်ကြောင်း၊ အာဆာသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ကြီးစိုးခြိမ်းခြောက်မှုရှိကြောင်း၊ ခမောင်းဆိပ်ကျေးရွာမှ ဟိန္ဒူများ ရာနှင့်ချီ၍ အစုလိုက် သတ်ဖြတ်ခံရခြင်းတွင် အာဆာက ကျူးလွန်သည့်ပုံစံ၊ သက်သေများကို ခြိမ်းခြောက်ပြီး လိမ်ညာထွက်ဆိုစေသည့်ပုံစံ စသည်တို့သည် ဤအမှုတွင် တရားရုံးက သေချာစွာ ထည့်သွင်းစဉ်းစားသင့်သည့် အချက်အလက်များဖြစ်ကြောင်း ချေပလျှောက်လဲခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr. Christopher Staker ၏ ပထမလျှောက်လဲချက်

ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များကို မြန်မာနိုင်ငံက စာဖြင့်ရေးသားတုံ့ပြန်ထားပါကြောင်း၊ ယခု ICJ ၌ အမှုစစ်ဆေးခြင်းသည် ပြစ်မှုကြောင်း စစ်ဆေးခြင်းမဟုတ်ကြောင်း၊ ICJ သည် မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းအရ ဆောင်ရွက်ပေးရမည့် အပြည်ပြည်ဆိုင်ရာ တာဝန်ရှိမှုနှင့်စပ်လျဉ်း၍ နိုင်ငံအချင်းချင်းအကြား အငြင်းပွားမှုများကို ဖြေရှင်းသည့် တရားရုံးဖြစ်ကြောင်း၊ ယခုအမှု၏ သဘောသဘာဝနှင့်စပ်လျဉ်း၍ တရားရုံးရှေ့မှာ သက်သေပြရမည့် တာဝန်သည် တော်တော်လေးမြင့်မားပါကြောင်း၊ သက်သေပြရမည့် တာဝန်နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပြစ်မှုတရားရုံးနှင့် ပြည်တွင်းတရားရုံးများကဲ့သို့ သံသယကင်းရှင်းသည်အထိ သက်သေပြရန်တာဝန်ရှိကြောင်း၊ ယခုအမှုသည် တိုက်ရိုက်ထိခိုက်နစ်နာခြင်းမရှိသည့် နိုင်ငံတစ်ခုက Genocide Convention ကို လိုက်နာရန်အတွက် ကွန်ဗင်းရှင်းဝင် နိုင်ငံများအားလုံး၏ အကျိုးကိုယ်စားဆိုကာ အခြားနိုင်ငံတစ်ခုကို အမှုစွဲဆိုသည့် ပထမဦးဆုံးသောအမှုဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဂမ်ဘီယာက အများအကျိုးအတွက်ဟု စွဲဆိုသည့် Genocide Convention တွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်နေကြောင်း၊ အများအကျိုးဆိုသည်မှာ Convention ၏ တာဝန်များကို နိုင်ငံများကလိုက်နာစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ Genocide ဟု အမည်တပ်ပြီး စွပ်စွဲသမျှကို နိုင်ငံများက ဖြေရှင်းရန် မဟုတ်ကြောင်း၊ ယခု အမှုမတိုင်မီကတည်းက စွဲဆိုသည့်နိုင်ငံများအနေဖြင့် အခြားအဖွဲ့ဝင်နိုင်ငံများကိုယ်စား စွဲဆိုနိုင်ခြင်း ရှိ မရှိ သို့မဟုတ် Convention ကိုလိုက်နာရန် တာဝန်နှင့် စပ်လျဉ်း၍ စောင့်ကြည့်ရန်တာဝန်ရှိ မရှိတို့နှင့်စပ်လျဉ်း၍ ဆုံးဖြတ်သည့် ယန္တရားမရှိကြောင်း၊ ဆုံးဖြတ်ဆောင်ရွက်ပေးရမည့်ယန္တရားကို ICJ တရားရုံးက ယူခဲ့ရာ ICJ တရားရုံးအနေဖြင့် ဂရုတစိုက်စစ်ဆေးရန် တာဝန်ရှိကြောင်း၊ မည်သည့်တရားရုံးမဆို ဘက်လိုက်မှု ကင်းရှင်းစွာဖြင့် တိတိကျကျဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ စွဲဆိုသည့်နိုင်ငံအနေဖြင့်လည်း စွဲဆိုသည့်အချက်အလက် အထောက်အထားများ တိကျမှန်ကန်မှုရှိရန် လိုအပ်သည်ဆိုသည့်အကြောင်း ပြောကြားခဲ့ပါသည်။

ဂမ်ဘီယာကစွဲဆိုသည့် လူမျိုးသုဉ်းသတ်ဖြတ်မှု (Genocide) ဆိုသည်မှာ ဥပဒေအကြောင်းအရာများ ပြည့်စုံရန်လိုအပ်ကြောင်း၊ သီးခြားဥပဒေပိုင်းဆိုင်ရာ စံနှုန်းဖြစ်သဖြင့် Convention ၏ တာဝန်များကို နိုင်ငံကချိုးဖောက်သည်ကို သက်သေပြရန်တာဝန်မှာ စွဲဆိုသည့်နိုင်ငံ၌ တာဝန်ရှိကြောင်း၊ မည်သည့်တရားမျှတမှုမရှိခြင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများကို ချိုးဖောက်ခြင်းသည် Genocide Convention ကို ချိုးဖောက်ခြင်းမဟုတ်ကြောင်း၊ ယခုအမှုတွင် တရားရုံးအနေဖြင့် Convention ၏ Article IX အရ စီရင်ပိုင်ခွင့်ရှိကြောင်း ပြောဆိုထားသော်လည်း တရားရုံးအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ စံနှုန်းများကို ချိုးဖောက်သည်ဆိုသည့် ဖော်ပြချက်အပေါ် တရားရုံးအနေဖြင့် စီရင်ပိုင်ခွင့်မရှိကြောင်း၊ ဂမ်ဘီယာ၏ တင်ပြချက်များသည် Genocide Convention နှင့် အခြားသော အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အပြည်ပြည်ဆိုင်ရာ ဥပဒေများအကြား ကွဲပြားခြားနားမှုပုံစံကို တင်ပြနိုင်မှုမရှိကြောင်း၊ ဂမ်ဘီယာအနေဖြင့် တင်ပြသော အကြောင်းအရာများသည် Genocide Convention ၏ ဥပဒေပိုင်းဆိုင်ရာအချက်အလက်များအတွင်း အကျုံးဝင်ခြင်းရှိမရှိကို တရားရုံးက ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ဂမ်ဘီယာက တင်သွင်းသော အကြောင်းအရာများတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့စခန်းများက ARSA က တိုက်ခိုက်ခဲ့သည်ဆိုသည့် အဖြစ်အပျက်အပေါ် အငြင်းပွားမှုမရှိကြောင်း၊ ARSA ၏ တိုက်ခိုက်မှုအပေါ် အချုပ်အခြာအာဏာပိုင်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံက ခုခံကာကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ARSA ၏ တိုက်ခိုက်မှုအပေါ် မြန်မာ့တပ်မတော်နှင့် နယ်ခြားစောင့်ရဲများက ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် စစ်ဆင်ရေးပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ စစ်ဆင်ရေးကို မြန်မာအခေါ် "နယ်မြေရှင်းလင်းရေး" ဖြစ်ကြောင်း၊ အဆိုပါ နယ်မြေရှင်းလင်းရေးတွင် အကြမ်းဖက်သမားများအား ခုခံတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအကြောင်းအရာအပေါ် ဂမ်ဘီယာအနေဖြင့် အငြင်းပွားမှုမရှိကြောင်း၊ ဂမ်ဘီယာ၏ အဆိုလွှာ၌ ARSA ၏ ထင်ထင်ရှားရှား တိုက်ခိုက်မှုများအပေါ် ဖော်ပြခြင်းမရှိခဲ့ကြောင်း၊ ဂမ်ဘီယာ၏ အဆိုလွှာနှင့် FFM အစီရင်ခံစာများတွင် ARSA ၏တိုက်ခိုက်မှုအပေါ် တင်ပြခြင်းမရှိကြောင်း၊ ထိုသို့ ARSA ၏ တိုက်ခိုက်မှုအပေါ် ဂမ်ဘီယာအနေဖြင့် ချန်လှပ်ထားခြင်းသည် ၎င်းအနေဖြင့် တိကျစွာသက်သေပြရမည့် တာဝန်နှင့်စပ်လျဉ်း၍ ပျက်ကွက်ကြောင်း၊ မှန်ကန်သည့်တရားစီရင်ရေး စံနှုန်းနှင့်ဆန့်ကျင်နေပါကြောင်း၊ ARSA အဖွဲ့သည် ကျွမ်းကျင်မှုရှိပြီး စုစုစည်းစည်း ဖွဲ့စည်းကာ စနစ်တကျဖွဲ့စည်းထားခြင်းတို့ကြောင့် ရခိုင်မြောက်ပိုင်းရှိ ဒေသများအပေါ် ဩဇာအာဏာ သက်ရောက်မှုရှိသဖြင့် ရခိုင်မြောက်ပိုင်းဒေသကို ထိန်းချုပ်လာကြောင်း၊ ARSA အဖွဲ့အနေဖြင့် ဘင်္ဂလားဒေ့ရှ်ဒုက္ခသည် စခန်းများတွင်လည်း လှုပ်ရှားမှုများရှိနေကြောင်း၊ အကြောင်းခြင်းရာပြဿနာအနေဖြင့် ပထမ အချက်မှာ ဂမ်ဘီယာ၏ အဆိုလွှာပါ စွပ်စွဲချက်များသည် သက်သေအခိုင်အမာပြသနိုင်ခြင်း မရှိကြောင်း၊ ဒုတိယအချက်မှာ ဂမ်ဘီယာမှ မင်းကြီး၊ ချွတ်ပြင်၊ မောင်နုတိုက်ခိုက်မှုများတွင် ARSA ပါဝင်မှုမရှိကြောင်း၊ ဂူတာပြင်၊ အင်းဒင်၊ ကိုးတန်ကောက်၊ ချိန်ခါလီတို့တွင်လည်း ARSA ပါဝင်မှုမရှိခဲ့ကြောင်း ပြောဆိုသော်လည်း ဂမ်ဘီယာ၏ သက်သေအထောက်အထားများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်ဆင်ရေးဆောင်ရွက်သည်ဆိုသော ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့မှ ၃၁ ရက်နေ့တို့သည် ထိုနေရာများတွင် ARSA တိုက်ခိုက်မှုရှိခဲ့ခြင်းကြောင့်ဖြစ်သည်ကို ဖော်ပြနေပါကြောင်း၊ IDP စခန်းတွင် ၁၂၆၀၀၀ သော ဘင်္ဂါလီများနေထိုင်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်တွင်နေထိုင်ကြသော ထောင်သောင်းမကသော ဘင်္ဂါလီများသည် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးသွားခြင်းမရှိဘဲ ယနေ့အချိန်အထိ

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဆက်လက်နေထိုင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံက တင်သွင်းလျက်ရှိသည့် PMO အစီရင်ခံစာတွင် ကုလသမဂ္ဂ အေဂျင်စီ၊ နိုင်ငံတကာအကူအညီပေးရေးအေဂျင်စီနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီများကို အထောက်အပံ့ပြု ဆောင်ရွက်ပေးလျက်ရှိသည့် ကျန်းမာရေး၊ ပညာရေး၊ စားသောက်ရေးအစရှိသည်တို့နှင့် စပ်လျဉ်း၍ ကိန်းဂဏန်းများ ဖော်ပြထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်တွင်ရှိသော ဘင်္ဂါလီများကို ပြန်လည်လက်ခံနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်သဘောတူညီမှုရှိခဲ့ပြီး လုပ်ငန်းများကို UNHCR နှင့်ပူးပေါင်း၍ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ တတိယအချက်မှာ ဂမ်ဘီယာအနေဖြင့် မြန်မာနိုင်ငံက အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ ပေါ်ပေါက်ခဲ့သည်ဆိုသည့်စွပ်စွဲချက်နှင့် ပတ်သက်၍ လုံလောက်သည့် သက်သေပြသနိုင်ခြင်းမရှိကြောင်း၊ ထို့ကြောင့် ဂမ်ဘီယာ စွပ်စွဲချက်များသည် မှန်ကန်သည့်တရားစီရင်ရေး ဖြစ်စေရန်ဟူသည့် စံနှုန်းနှင့် ဆန့်ကျင်လျက်ရှိပါကြောင်း တုံ့ပြန်ခဲ့ပါသည်။

သက်သေအချက်အလက်များအပေါ် စိစစ်ခြင်းနှင့်စပ်လျဉ်း၍ ဂမ်ဘီယာစွဲဆိုသည့် အမှုသည် FFM အစီရင်ခံစာအပေါ်တွင်သာ အခြေခံထားကြောင်း၊ အခြားသောသက်သေခံ အထောက်အထားများသည် လူမျိုးသုဉ်းသတ်ဖြတ်သည်ဟု စွပ်စွဲချက်နှင့်စပ်လျဉ်း၍ ဂမ်ဘီယာ၏ ထင်မြင်ချက်များသာဖြစ်ကြောင်း၊ ဂမ်ဘီယာ၏ Agent အနေဖြင့် FFM အစီရင်ခံစာကို အချိန်တိုင်း အသုံးပြုခဲ့ကြောင်း၊ ဂမ်ဘီယာတင်ပြချက်များသည် FFM အစီရင်ခံစာနှင့် အစိုးရမဟုတ်သော NGO အဖွဲ့အစည်းများ၏ အစီရင်ခံစာများသာဖြစ်ကြောင်း၊ ဂမ်ဘီယာ၏ တင်ပြချက်များသည် FFM အစီရင်ခံစာအပေါ်တွင်သာ အချိန်တိုင်းမှီတည်နေကြောင်း၊ FFM အစီရင်ခံစာများသည် တစ်ဖက်သတ် အကြောင်းအရာများကိုသာအခြေခံ၍ မေးမြန်းစုဆောင်းထားသည့် အချက်အလက်များသာဖြစ်၍ ယင်းအစီရင်ခံစာများကို သက်သေခံအထောက်အထားအဖြစ် အသုံးပြု၍မရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း FFM နှင့် ပူးပေါင်းဆောင်ရွက်ရန် တာဝန်မရှိကြောင်း၊ FFM အစီရင်ခံစာပါ သက်သေအထောက်အထားများသည် တရားရုံး၏ လုပ်ငန်းစဉ်ကဲ့သို့ ဆောင်ရွက်ထားခြင်းမရှိကြောင်း၊ အစီရင်ခံစာပါ အထောက်အထားများသည် လူအများ၏ ပြောဆိုချက်အပေါ် အခြေခံထားသည့် အချက်အလက်များသာဖြစ်ကြောင်း၊ ထို့ကြောင့် ICJ တရားရုံးအနေဖြင့် FFM အစီရင်ခံစာအား သက်သေအထောက်အထားအနေဖြင့် ထည့်သွင်းစဉ်းစားရန် လိုအပ်ခြင်းမရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာ ပြစ်မှုတရားရုံး၏ စည်းမျဉ်းစည်းကမ်းများနှင့် အခြားသောတရားရုံးများ၏ စည်းမျဉ်းများကို ဤတရားရုံးတွင် အသုံးပြု၍မရဘဲ အပြည်ပြည်ဆိုင်ရာတရားရုံးသည် ၎င်း၏ ကိုယ်ပိုင်ဥပဒေနှင့်စည်းမျဉ်းအား အသုံးပြုခြင်းကိုသာ လက်ခံကြောင်း၊ ထို့ကြောင့် ဤတရားရုံး ရှေ့မှောက်တွင် လူမျိုးသုဉ်း သတ်ဖြတ်ခြင်းနှင့်စပ်လျဉ်းသည့် လုံလောက်သည့်သက်သေ ပြသနိုင်ရမည်ဖြစ်ကြောင်း၊ FFM အစီရင်ခံစာများသည် လုံလောက်သည့် သက်သေအထောက်အထားများမဟုတ်ကြောင်း တင်ပြခဲ့ပါသည်။

ဥပဒေပိုင်းဆိုင်ရာအငြင်းပွားမှုတွင် Genocide Convention နှင့်ပတ်သက်၍ သက်သေပြရန် တာဝန်သည် စွဲဆိုခံရသည့်နိုင်ငံအပေါ် ကျရောက်ခြင်းမရှိဘဲ အမှုစွဲဆိုသည့်နိုင်ငံကသာ လုံလောက်သည့် သက်သေပြသရမည်ဖြစ်ကြောင်းကို Bosnia v. Croatia အမှုတွင် ဖော်ပြထားသဖြင့် ဂမ်ဘီယာအနေဖြင့် လုံလောက်သည့် သက်သေပြရန် လိုအပ်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကျူးလွန်ခြင်းခံရသောသူများသည် Genocide Convention Article II အတွင်း ကျရောက်ကြောင်းပြောသော်လည်း ဂမ်ဘီယာ၏ ပြောဆိုချက်သည် မှန်ကန်မှု မရှိကြောင်း၊ သေးငယ်သောရွာများတွင် နေထိုင်လျက်ရှိသောသူများသည် Genocide Convention Article II တွင် ဖော်ပြထားသည့် အုပ်စုအတွင်းအကျုံးဝင်သည်ဟု ဆို၍မရကြောင်း၊ ဂမ်ဘီယာအနေဖြင့် Genocide Convention ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း အကျုံးဝင်အောင် ဥပဒေအချက်အလက် တစ်စုံတစ်ရာပြဆိုနိုင်ခြင်းမရှိဘဲ ၎င်း၏ နိုင်ငံရေးအမြင်အရသာ ပြောဆိုနေခြင်းဖြစ်ကြောင်း၊ အငြင်းပွားမှုမရှိသည့် အကြောင်းအရာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက ဆောင်ရွက်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်ရေးသည် လူမျိုးသုဉ်းသတ်ဖြတ်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိကြောင်း တုံ့ပြန်ခဲ့ပါသည်။

## မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr. Christopher Staker ၏ ဒုတိယလျှောက်လဲချက်

မြန်မာနိုင်ငံသည် ဗြိတိသျှကိုလိုနီ၏ တစ်စိတ်တစ်ပိုင်းမဖြစ်ခင်ကတည်းက ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီစကားပြောသောလူဦးရေရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ဗြိတိသျှအုပ်ချုပ်သည့် ကာလအတွင်း အိန္ဒိယနှင့် စစ်တကောင်းဒေသတို့မှ ရွှေ့ပြောင်းလာသည့်သူများဖြစ်ကြောင်း၊ ၁၉၃၁ ခုနှစ်တွင် ဘင်္ဂါလီဘာသာစကား ပြောဆိုသည့်သူများ ပိုမိုများပြားလာခဲ့ပြီး ၎င်းတို့ကိုယ်တိုင်က အသိုက်အဝန်းတစ်ခုတည်းဖြစ်သည်ကို လက်ခံထားခြင်းမရှိကြောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်တို့မှ ရခိုင်ပြည်နယ် မြောက်ပိုင်းသို့ တရားမဝင် ရွှေ့ပြောင်းသွားလာမှုသည် ပြဿနာတစ်ရပ်ဖြစ်လျက်ရှိခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် မူဂျာဟစ်ဒင်သောင်းကျန်းသူများက ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ထွက်ပေါ်လာခဲ့ပြီး ၁၉၆၁ ခုနှစ်တွင် မူဂျာဟစ်ဒင် သောင်းကျန်းသူများ အညံ့ခံသွားခဲ့ကြောင်း၊ ၁၈၂၄ မှ ၁၉၄၈ ဗြိတိသျှအုပ်ချုပ်ခဲ့သည့် ကာလတစ်လျှောက် ရိုဟင်ဂျာဆိုသောအမည် အသုံးပြုခဲ့သည့် အထောက်အထားမရှိခဲ့ကြောင်း၊ ၁၉၄၀ နောက်ပိုင်းတွင် ဘင်္ဂါလီမွတ်ဆလင်အချို့က နိုင်ငံရေးလှုပ်ရှားမှုတစ်ခုအနေဖြင့် ရိုဟင်ဂျာဟူသည့်အမည်ကို အသုံးပြုလာကြကြောင်း၊ အောက်စ်ဖို့တက္ကသိုလ်၏ The International Encyclopedia of Linguistics တွင် ရိုဟင်ဂျာကို စစ်တကောင်းဒေသမှ မွတ်ဆလင်စကားကိုပြောဆိုသော ဘင်္ဂါလီမွတ်ဆလင်များဟု ဖော်ပြထားပါကြောင်း၊ United Nations document 2004 တွင်လည်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်နေထိုင်သောသူများကို ရိုဟင်ဂျာဟုခေါ်ဆိုသော ဘင်္ဂါလီများဟု ဖော်ပြထားကြောင်း၊ မြန်မာနိုင်ငံတွင် ကုလားဟူသည့်စကားလုံးသည် တရားဝင်အသုံးအနှုန်း မဟုတ်ကြောင်း၊ နေ့စဉ်သုံးစကားတစ်ခုသာဖြစ်ကြောင်း၊ ယင်းအသုံးအနှုန်းသည် ကိုလိုနီခေတ်မတိုင်မီက ဘင်္ဂါလီအသိုက်အဝန်းက ၎င်းတို့ကိုယ်တိုင် အသုံးပြုသည့် အသုံးအနှုန်းဖြစ်ကြောင်း၊ မတူကွဲပြားသည့်အမြင်များကြောင့် ယနေ့အချိန်တွင် ထိုအသုံးအနှုန်းသည် စက်ဆုပ်ဖွယ်ကောင်းသော အသုံးအနှုန်းတစ်ခု ဖြစ်နေကြောင်း၊ ဂမ်ဘီယာအနေဖြင့် ဖော်ပြပါ အချက်အလက်များအပေါ် အငြင်းပွားမှုမရှိကြောင်း၊ တစ်ဖက်ရှေ့နေ Mr. Suleman က ၁၈ ရာစု၊ ၁၉ ရာစုတို့တွင် Rooinga အသုံးအနှုန်းကို ရှိခဲ့သည်ဟု ပြောဆိုခဲ့သော်လည်း ရိုဟင်ဂျာဟူသည့်အသုံးအနှုန်းသည် နောက်ပိုင်းတွင်မှ နိုင်ငံရေးလှုပ်ရှားမှုတစ်ရပ်အနေဖြင့် အသုံးပြုလာခြင်းဖြစ်ကြောင်း တုံ့ပြန်လျှောက်လဲခဲ့ပါသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိဘင်္ဂါလီမွတ်ဆလင်များ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီမွတ်ဆလင်များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဒေသရှိ ဘင်္ဂါလီများနှင့် ခွဲခြား၍မရကြောင်းနှင့်စပ်လျဉ်း၍ ဂမ်ဘီယာအနေဖြင့် သက်သေမပြနိုင်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ စခန်းများတွင် ရောက်ရှိနေသော ဘင်္ဂါလီများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် ပြန်လည် လက်ခံရေးလုပ်ငန်းစဉ် ဆောင်ရွက်ခြင်းမရှိဟု ဂမ်ဘီယာ၏ စွပ်စွဲချက်အပေါ် ၂၀၂၅ ခုနှစ်တွင် လူ့အခွင့်အရေးကောင်စီက ရိုဟင်ဂျာမွတ်ဆလင် များကို ပြန်လည်လက်ခံရန် တိုက်တွန်းခဲ့ကြောင်း၊ ASEAN Summit တွင်လည်း တိုက်တွန်းခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုယ်တိုင်ပင်လျှင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို စတင်ရန် လိုလားခဲ့ကြောင်း၊ ဂမ်ဘီယာစွပ်စွဲသကဲ့သို့ မြန်မာနိုင်ငံသည် လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်သည်ဆိုပါက အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံကို ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် ဆောင်ရွက်ရန် တိုက်တွန်းခြင်းမျိုးပြုလုပ်မည် မဟုတ်ကြောင်း၊ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ အခက်အခဲများရှိနေကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမျိုးသားလွှတ်တော်ကော်မတီ၏ဥက္ကဋ္ဌက ပြန်လည်လက်ခံသောသူများကို နိုင်ငံသားအဖြစ် ခွင့်ပြုရန် တောင်းဆိုခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းတွင်ရှိသူများကို မြန်မာနိုင်ငံသို့ ပြန်မသွားရန် ARSA ၏ ခြိမ်းခြောက်မှုများရှိခဲ့ကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် မအောင်မြင်ရန် ARSA က ဆောင်ရွက်လျက်ရှိသည်ကို ဂမ်ဘီယာနိုင်ငံအနေဖြင့် ဖော်ပြခြင်း မရှိခဲ့ကြောင်းဖြင့် တုံ့ပြန်ခဲ့ပါသည်။

## မြန်မာနိုင်ငံ၏ ရှေ့နေ Prof. Alina Miron ၏ လျှောက်လဲချက်

အမှုနှင့်ပတ်သက်သည့် ဥပဒေအချက်အလက်များကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ဂမ်ဘီယာ စွဲဆိုသောအမှုနှင့်စပ်လျဉ်း၍ 1948 Genocide Convention ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းရန်လိုကြောင်း၊ အဆိုပါ Genocide Convention Article II နှင့်စပ်လျဉ်း၍ ဂမ်ဘီယာအနေဖြင့် နားလည်မှုလွဲနေကြောင်း၊ တရားရုံးအနေဖြင့် Genocide Convention ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် အခြားသော အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများဖြစ်သော Statute of ICTY၊ Statute of ICTR နှင့် Rome Statute တို့ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအကြား ကွဲပြားခြားနားမှု ရှိ မရှိဆုံးဖြတ်ရမည်မဟုတ်ကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်မှုအပေါ် တစ်ဦးချင်းတာဝန်ရှိမှုနှင့် နိုင်ငံ၏တာဝန်ရှိမှုအခန်းကဏ္ဍမှာ ကွဲပြားခြားနားပါကြောင်း၊ တာဝန်ရှိမှုအား ခွဲခြားရာတွင် မတူညီသည့် တရားစွဲဆိုသည့် နေရာများရှိကြောင်း၊ အဆိုပါအချက်အလက်နှင့်ပတ်သက်၍ Croatia v. Serbia အမှု၏ ၂၀၁၅ စီရင်ချက်တွင် ဖော်ပြထားကြောင်း၊ နိုင်ငံ၏တာဝန်ရှိမှုနှင့် တစ်ဦးချင်း၏တာဝန်ရှိမှု တူညီမှုမရှိသည်ကို ဖော်ပြထားကြောင်း၊ dolus specialis နှင့် actus reus တို့နှင့်စပ်လျဉ်း၍ တင်ပြလိုကြောင်း၊ dolus specialis သည် အခြားသော ကြီးလေးသောပြစ်မှုများနှင့် မတူညီဘဲ အဓိကဝိသေသလက္ခဏာများဖြစ်ပါကြောင်း၊ Genocide Convention Article II တွင် နိုင်ငံသား၊ တိုင်းရင်းသား၊ လူမျိုးစု သို့မဟုတ် ဘာသာရေးဆိုင်ရာအဖွဲ့များ၏ တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးအား ဖျက်ဆီးရန်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဟုဖော်ပြထားပါကြောင်း၊ လူများကို အင်အားသုံး၍ ရွှေ့ပြောင်းစေခြင်း သို့မဟုတ် ethnic cleansing ပြုလုပ်ခြင်းသည် လူမျိုးသုဉ်းသတ်ဖြတ်ခြင်း မဟုတ်ကြောင်း၊ ethnic cleansing နှင့်သက်ဆိုင်သည့် အချက်များသည် လူမျိုးသုဉ်းသတ်ဖြတ်ခြင်းမဟုတ်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် လူ နှစ်ဦး သုံးဦးကို သတ်ဖြတ်ခြင်းသည် Genocide Convention Article II အတွင်း အကျုံးဝင်သည်ဟု သုံးသပ်ကြောင်း၊ ထို့ကြောင့် ဂမ်ဘီယာအနေဖြင့် အုပ်စုတစ်စုအပေါ် ရုပ်ပိုင်းဆိုင်ရာ ဖျက်ဆီးမှုကျူးလွန်သည်ကို သက်သေပြသရန် ခက်ခဲပါကြောင်း၊ ဂမ်ဘီယာအနေဖြင့် တစ်ဦးချင်းစီ၏ ပြစ်မှုကျူးလွန်မှုအပေါ်ကိုသာ ဖော်ပြနေပြီး နိုင်ငံ၏တာဝန်ရှိမှုကို ဖော်ပြခြင်းမရှိကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်ခြင်းသည် အရေအတွက်ကစားပွဲမဟုတ်ကြောင်း၊ အားလုံးအတွက်လည်း ကစားပွဲမဟုတ်ကြောင်း၊ Actus reas ရှိ မရှိ ဆုံးဖြတ်ရန် နိုင်ငံအနေဖြင့် လူမျိုးသုဉ်း သတ်ဖြတ်မှုကျူးလွန်ကြောင်း လုံလောက်သည့်ပမာဏ၊ ပူးပေါင်းကြံစည်မှုကြောင့် ထွက်ပေါ်လာသည့် လုံလောက်သော နစ်နာသူပမာဏရှိရမည်ဖြစ်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်ရန်ကြံရွယ်ချက်နှင့်စပ်လျဉ်း၍ ဘင်္ဂါလီအုပ်စု၏ တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးအပေါ် ဖျက်ဆီးခြင်းရှိသည်ဟူ၍သာ ပြောဆိုကြောင်း၊ ဂမ်ဘီယာအနေဖြင့် အကာအကွယ်ပေးရမည့်အုပ်စုအပေါ် ပစ်မှတ်ထားကြောင်းကို တင်ပြရန် ပျက်ကွက်လျက်ရှိကြောင်း၊ ကိုးကားဖော်ပြထားခြင်းလည်းမရှိကြောင်း၊ မင်းကြီး၊ ချွတ်ပြင်၊ မောင်နုတွင် ဖြစ်ပွားခဲ့သော ဖျက်ဆီးမှုသည် သိသာလုံလောက်သည်ဟု ဂမ်ဘီယာကပြောဆိုနေသော်လည်း Genocide Convention တွင် အကျုံးဝင်သည့် အကာအကွယ်ပေးရမည့်အုပ်စု၏ အဓိကအစိတ်အပိုင်းဖြစ်ကြောင်းကို ဂမ်ဘီယာအနေဖြင့် သက်သေမပြနိုင်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် နစ်နာသူများမှာ အမျိုးသမီးများနှင့် ကလေးများဟုသာ ပြောဆိုနိုင်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် ဘင်္ဂါလီအုပ်စုအပေါ် သီးခြားပစ်မှတ်ထားပြုမူသည့် ကျူးလွန်မှု အနည်းငယ်ရှိကြောင်းသာလျှင် သုံးသပ်ဖော်ပြနိုင်ကြောင်း၊ Actus reas ကို ဆုံးဖြတ်ရန်အတွက် အထူးရည်ရွယ်ချက် (dolus specialis) ကို စုံစမ်းစစ်ဆေးရန်လိုအပ်ကြောင်း၊ ဖျက်ဆီးရန် ရည်ရွယ်ချက်ဟူသော အသုံးအနှုန်းသည် အုပ်စုအား ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝဗေဒအရ ဖျက်ဆီးလိုသော ဆန္ဒကို ရည်ညွှန်းခြင်းဖြစ်ကြောင်း၊ Genocide Convention Article II အရ အကာအကွယ်ပေးထားသောအုပ်စုကို တစ်စုလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဖျက်ဆီးလိုသော ရည်ရွယ်ချက်ရှိရန် လိုအပ်ကြောင်း၊ တရားရုံး၏ စီရင်ထုံးများအရ လူဦးရေကို အတင်းအဓမ္မနှင်ထုတ်ခြင်း သို့မဟုတ် ethnic cleansing သည် လူမျိုးသုဉ်းသတ်ဖြတ်မှု မမြောက်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် ကျိုးကြောင်းဆီလျော်သော သုံးသပ်ပြသနိုင်မှုကို တရားရုံးသို့ရှင်းပြနိုင်မှုမရှိကြောင်း၊ တိုက်ရိုက်သက်သေခံချက်မဟုတ်သည့် အချက်အလက်များအပေါ်သာ

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

သုံးသပ်တင်ပြခဲ့ကြောင်း၊ Genocide Convention အရ လူသတ်ခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကာအကွယ်ပေးရမည့်အုပ်စုအား ဖျက်ဆီးခြင်းကို ဖြစ်ပေါ်စေနိုင်သည့် ကျယ်ပြန့်သော လှုံ့ဆော်မှုရှိရမည်ဖြစ်ကြောင်း၊ ပြစ်မှုနှင့်ပတ်သက်၍ ယေဘုယျအားဖြင့် လိုအပ်ချက်များကို ICC က ထုတ်ပြန်ထားသည့် ပြစ်မှုမြောက်ရန် လိုအပ်ချက်များတွင် ဖော်ပြထားပါကြောင်း၊ အဆိုပါ ဖော်ပြချက်နှင့်ဆန့်ကျင်၍ ဂမ်ဘီယာက အကာအကွယ်ပေးရမည့်အုပ်စုအား ဖျက်ဆီးစေနိုင်သော ကျယ်ပြန့်သည့် လှုံ့ဆော်မှုမရှိဘဲ သီးခြားကျူးလွန်သူ အနည်းငယ်သို့မဟုတ် သီးခြားကျူးလွန်သူများက ကျူးလွန်သော အနည်းငယ်မျှသော လူသတ်မှုများအပေါ်တွင်သာ ဂမ်ဘီယာက ပြောဆိုထားကြောင်း၊ ဂမ်ဘီယာက ကလေးမွေးဖွားမှုနှုန်းကန့်သတ်ခြင်းသည် Genocide Convention ၏ လက္ခဏာရပ်အတွင်း ကျရောက်ကြောင်း တင်ပြခဲ့သော်လည်း ၎င်း၏ပြောကြားချက်သည်အကြောင်းခြင်းရာအရသာမက ဥပဒေအရပါမှားယွင်းနေပါကြောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

## မြန်မာနိုင်ငံ၏ ရှေ့နေ Mr. Stefan Talmon ၏ လျှောက်လဲချက်

သက်သေပြရန်တာဝန်နှင့် သက်သေပြရန်စံနှုန်းများကို တင်ပြလျှောက်လဲမည်ဖြစ်ပါကြောင်း၊ တရားလိုသည် စွပ်စွဲသည့်အချက်များအပေါ် သက်သေပြရန် တာဝန်ရှိသည်ဆိုသော စည်းမျဉ်းကို နှစ်ဖက်အမှုသည်များ နားလည်လက်ခံပြီးဖြစ်ပါကြောင်း၊ ယင်းစည်းမျဉ်းကို တရားရုံးက လူမျိုးသုဉ်းသတ်ဖြတ်မှုဖြင့် စွဲဆိုသည့်အမှုများတွင် အစဉ်တစိုက် ကျင့်သုံးလျက်ရှိပါကြောင်း၊ ထို့ပြင် လူမျိုးသုဉ်းသတ်ဖြတ်မှုအတွက် သက်သေအထောက်အထားများသည် လုံးဝခိုင်မာမှု ရှိရမည်ဖြစ်ပါကြောင်း၊ ယင်းသက်သေအထောက်အထားသည် အခြားအထောက်အထားများနှင့် ဆန့်ကျင်ကွဲလွဲခြင်းမရှိစေရဘဲ သံသယမရှိယုံကြည်ထိုက်သည့် သက်သေအထောက်အထားများ ဖြစ်ရမည်ဖြစ်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် တိုက်ရိုက် သက်သေခံအထောက်အထားများကို တင်ပြနိုင်ခြင်းမရှိပါကြောင်း၊ ဂမ်ဘီယာသည် FFM ကို အခြေပြု၍ လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်ရှိကြောင်း ချဉ်းကပ်မှုအသစ်ဖြင့် အကြိမ်ကြိမ် တင်ပြလျက်ရှိပါကြောင်း၊ ဂမ်ဘီယာသည် လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်ရှိကြောင်း ညွှန်ပြချက် ၇ ချက်ကို အသုံးပြုခဲ့ပြီး ယင်းအချက်များသည် သက်သေအထောက်အထားများတွင် ပါရှိပြီးဖြစ်သည်ဟု တင်ပြခဲ့ပါကြောင်း၊ တရားရုံးအနေဖြင့် အကာအကွယ်ပေးထားသည့် လူအုပ်စုတစ်ခုအပေါ် တိုက်ခိုက်မှုအတွင်း ကျူးလွန်ခဲ့သည့် လူမျိုးသုဉ်းသတ်ဖြတ်မှု ဆောင်ရွက်ချက်များနှင့် အခြားသော ကျူးလွန်မှုများရှိ မရှိကို ခိုင်လုံသည့် သက်သေအထောက်အထားများဖြင့် စိစစ်ရမည်ဖြစ်ပါကြောင်း၊ ယင်းနောက် အဆိုပါပြုလုပ်မှုများသည် စနစ်တကျစီစဉ်ထားသော အပြုအမူပုံစံများ ဟုတ်မဟုတ် စိစစ်ရန်ဖြစ်ပါကြောင်း၊ ဂမ်ဘီယာတင်ပြသော ညွှန်ပြချက်များမှာ စနစ်တကျ စီစဉ်ထားသော အပြုအမူပုံစံများရှိသည်ဟု ညွှန်ပြချက်များက လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်၏ ညွှန်ပြချက်များ မဟုတ်သည်ကို တွေ့ရှိရပါကြောင်း၊ တရားရုံးအနေဖြင့် နောက်ဆုံးတွင် စနစ်တကျ စီစဉ်ထားသော အပြုအမူပုံစံများသည် လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက် မြောက်မမြောက် စိစစ်ရန်ဖြစ်ပါကြောင်း၊ ခရိုအေးရှားအမှုတွင် ပြုလုပ်မှုတစ်ရပ်ကို သတ်မှတ်ထားသည့်နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းသည် စနစ်တကျစီစဉ်ထားသော အပြုအမူ ပုံစံဖြစ်သော်လည်း ယင်းအပြုအမူပုံစံအား လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်ဟု ကောက်ချက်ချ၍ မရနိုင်ဟု တရားရုံးက ဆုံးဖြတ်ထားပါကြောင်း၊ ဂမ်ဘီယာ ကိုယ်စားလှယ်က လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်သည် ခိုင်မာသည့် ကျိုးကြောင်းဆီလျော်သော ကောက်ယူချက်ဖြစ်သည်ဟု ပြောဆိုချက်မှာ ပြည့်စုံမှုမရှိပါကြောင်း၊ ကောက်ယူချက်တစ်ခုနှင့်စပ်လျဉ်း၍ အခြားသော ကောက်ယူချက်တစ်ခု ရှိနေလျှင် လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်ရှိသည်ဟူသော ကောက်ယူချက်မှာ ကျိုးကြောင်းဆီလျော်သည့် ကောက်ယူချက်တစ်ခု မဖြစ်တော့ပါကြောင်း၊ ဂမ်ဘီယာသည် လှုံ့ဆော်မှုနှင့် ကြံရွယ်ချက်ကို ရောထွေးစွာ တင်ပြ၍ ရှုပ်ထွေးအောင် ပြုလုပ်နေပါကြောင်း၊ ဂမ်ဘီယာက လူမျိုးစုအားရှင်းလင်းဖယ်ရှားခြင်းအတွက် လှုံ့ဆော်မှုရှိခြင်းသည် လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်ရှိမှုကို ဟန့်တားခြင်းမရှိကြောင်း ပြောဆိုနေပါကြောင်း၊ သို့သော် လှုံ့ဆော်မှုနှင့် ကြံရွယ်ချက်မှာ သီးခြားစီဖြစ်ကြောင်း၊ ဘော့စနီးယားအမှုတွင် တရားရုံးက လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်သည် ကျူးလွန်သူတွင် ရှိနိုင်သည့် လှုံ့ဆော်မှုနှင့် အခြားသောအကြောင်းပြချက်များနှင့် ကွဲပြားရမည်ဖြစ်ကြောင်း ညွှန်ပြခဲ့ပါကြောင်း၊ အကယ်၍ ဖျက်ဆီးရန် ကြံရွယ်ချက်နှင့် အခြားကြံရွယ်ချက်နှစ်ခုလုံးသည် စနစ်တကျ စီစဉ်ထားသော အပြုအမူပုံစံများမှ ကျိုးကြောင်းဆီလျော်စွာ ကောက်ယူနိုင်မည်ဆိုပါက လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်သည် ကျိုးကြောင်းဆီလျော်သော ကောက်ယူချက် မဟုတ်သည့်အပြင် သက်သေပြရန် စံနှုန်းများနှင့်လည်း ကိုက်ညီမှုမရှိပါကြောင်း၊ ဂမ်ဘီယာက လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်သည် ကျိုးကြောင်းဆီလျော်သော ကောက်ယူချက်ဖြစ်ကြောင်း တင်ပြရမည်ဖြစ်သော်လည်း ထိုသို့တင်ပြခဲ့ခြင်း မရှိပါကြောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

## မြန်မာနိုင်ငံ၏ ရှေ့နေ Ms. Chiara Cordone ၏ လျှောက်လဲချက်

ဂမ်ဘီယာသည် သက်သေအထောက်အထားနှင့် စပ်လျဉ်းသည့် ဥပဒေစည်းမျဉ်းများကို အငြင်းမပွားသော်လည်း ယင်းတို့ကို လက်တွေ့တွင် လိုက်နာကျင့်သုံးခဲ့ခြင်းမရှိကြောင်း၊ ဂမ်ဘီယာသည် ထင်မြင်ယူဆချက်သည် သက်သေအထောက်အထား ခိုင်မာမှုမရှိကြောင်း လက်ခံသော်လည်း ယင်းအထောက်အထားများကို အကြိမ်ကြိမ် တင်ပြနေပါကြောင်း၊ ဂမ်ဘီယာသည် တစ်ဆင့်ကြားသက်သေခံချက်များမှာ ခိုင်မာသည့် သက်သေခံချက်မဟုတ်ကြောင်း လက်ခံသော်လည်း တစ်ဆင့်ကြား သက်သေခံချက်များကို အမြဲမပြတ်ကိုးကားတင်ပြနေပါကြောင်း၊ ဂမ်ဘီယာသည် မီဒီယာဆောင်းပါးများမှာ အချက်အလက်ကို သက်သေပြနိုင်သည့် သက်သေခံချက် မဟုတ်ကြောင်း လက်ခံသော်လည်း မီဒီယာဆောင်းပါးများကို ကျယ်ကျယ်ပြန့်ပြန့် ကိုးကားတင်ပြနေပါကြောင်း၊ ဂမ်ဘီယာသည် FFM အစီရင်ခံစာများ၊ အခြားအဖွဲ့ အစည်းများနှင့် NGO များ၏ အစီရင်ခံစာများကို အလွန်အမင်း ကိုးကားထားပါကြောင်း၊ တရားရုံးအနေဖြင့် တစ်ဖက်မှ တင်ပြလာသော FFM, IIMM, UN အဖွဲ့ အစည်းများနှင့် NGO များ၏ အစီရင်ခံစာများပါ သက်သေအထောက်အထားများကို ဂရုတစိုက် သုံးသပ်ပြီး ယင်းအထောက်အထားများ၏ ခိုင်မာမှုကို အလေးထား စိစစ်ပေးရန် လိုအပ်ကြောင်းတင်ပြလိုပါကြောင်း၊ Armed Activities on the Territory of the Congo တွင် တရားရုံးအနေဖြင့် တရားဝင်အဖွဲ့ အစည်းတစ်ခု၏ အစီရင်ခံစာတစ်စောင်အား ခိုင်လုံမှုရှိကြောင်း သုံးသပ်မည်ဆိုပါက တိုက်ရိုက်ပါဝင်သူများအား စစ်ဆေးခြင်း နည်းလမ်းဖြင့် ရရှိသော သက်သေခံချက်ပါဝင်ခြင်း၊ စစ်ဆေးရာတွင် ကျွမ်းကျင်သူတရားသူကြီးများက ပြန်လှန်စစ်မေးခြင်းဖြင့် ဆောင်ရွက်ခြင်း၊ ဘက်လိုက်မှု ကင်းမဲ့သူများက သက်သေခံချက်များ၏ မှန်ကန်မှုကို မေးခွန်းထုတ်ရန် မရှိခြင်းဟူသည့် အခြေအနေများနှင့် ကိုက်ညီရမည် ဖြစ်ပါကြောင်း၊ ဂမ်ဘီယာကတင်ပြသည့် အထူးသဖြင့် FFM, IIMM တို့ပါ သက်သေခံ အထောက်အထားများ အားလုံးသည် အဆိုပါ အခြေအနေများနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရပါကြောင်း၊ တရားရုံးအနေဖြင့် အဆိုပါအစီရင်ခံစာများကို ခိုင်မာသည့် အထောက်အထားများအဖြစ် မှတ်ယူရန်မသင့်ကြောင်း၊ လက်မှတ်ရေးထိုးထားခြင်းမရှိသော သက်သေခံချက်များကို ခိုင်မာမှုရှိ မရှိ အကဲဖြတ်ရာတွင် အဆိုပါသက်သေခံချက် ပြုလုပ်သည့် ပုံစံနှင့် အခြေအနေတို့ကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း၊ အမည်ဖော်ပြပါရှိခြင်းမရှိသော သက်သေခံချက်များကိုလည်း သက်သေခံအဖြစ် လက်ခံရန်မသင့်ပါကြောင်း၊ တရားရုံး၏ ဆုံးဖြတ်ချက်တွင် အကျိုးခံစားခွင့်ရရှိမည့် သက်သေ၏ သက်သေခံချက်ကိုလည်း တရားရုံးက အထူးဂရုပြု၍ စိစစ်ရန်လိုအပ်ပါကြောင်း၊ ဂမ်ဘီယာသည် မီဒီယာဆောင်းပါးများနှင့် စာအုပ်များ၏ အားနည်းသော သက်သေခံတန်ဖိုးများကို အသုံးပြု၍ အခြားသက်သေခံ အထောက်အထားများဖြင့် သက်သေမပြနိုင်သော အချက်အလက်များကို အထောက်အပံ့ဖြစ်စေရေးအတွက် အသုံးပြုရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ သက်သေခံအထောက်အထားများ ခိုင်မာမှုရှိ မရှိသည် သက်သေပြရန် အမြင့်ဆုံးစံနှုန်းများကို လိုက်နာရမည့် ယခုအမှု၏ အဓိကအကြောင်းခြင်းရာ ဖြစ်ပါကြောင်း၊ တရားရုံးအနေဖြင့် ၎င်း၏စီရင်ဆုံးဖြတ်ချက်များ၏ ဖြောင့်မတ်မှန်ကန်မှုကို ဖြစ်ပေါ်စေရေးအတွက် သက်သေပြရန် အမြင့်ဆုံး စံနှုန်းများကို တိကျစွာ လိုက်နာဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံက တင်ပြတောင်းဆိုအပ်ပါကြောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၁)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၁) သို့ တက်ရောက်ကြမည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက ပုသိမ်တပ်နယ်အားကစားခန်းမ၌ သွားရောက်တွေ့ဆုံသည်။



ထိုသို့ တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၁)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ပုဆိုးနှင့် ရုပ်အင်္ကျီများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဟောပြောပွဲပြုလုပ်

ရန်ကုန် ဇန်နဝါရီ ၁၇

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဟောပြောပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း ဟောခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားသို့ အင်းစိန်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေယမင်းဦး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျော့သက်ထားဝင်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဇော်က အထွေထွေဗဟုသုတ သိကောင်းစရာများကို အသိပညာပေးဟောပြောပြီး မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စာရေးဆရာ ဆန်းမင်းသိုက်(အရာတော်)က မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

မြို့နယ် (ပြန်/ဆက်)

❑ ရှေ့ဖုံးမှ

**ကယားပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | | | |
|---|---|---|---|---|
| ( ၅ ) | ဦးမြင့်သိန်း | ၂/ဒမဆ(နိုင်)၀၀၅၁၈၁ | အမှတ်( ၃ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| ( ၆ ) | ဦးဆူရယ် | ၂/ဖရဆ(နိုင်)၀၀၀၀၅၃ | အမှတ်( ၄ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

**ကယားပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)**

| | | | | |
|---|---|---|---|---|
| ( ၇ ) | ဦးကျော်မြင့် | ၂/လကန(နိုင်)၀၁၈၉၄၁ | အမှတ်( ၇ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| ( ၈ ) | ဦးတောရယ် | ၂/ဒမဆ(နိုင်)၀၀၂၆၃၇ | အမှတ်( ၈ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| ( ၉ ) | ဒေါက်တာနိုင်လင်း | ၈/ပဖန(နိုင်)၀၇၁၈၁၅ | အမှတ်( ၉ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဒေါ်နော်ဖလောရင့် ဒယ်နီ | ၂/လကန(နိုင်)၀၆၈၉၅၂ | အမှတ်(၁၀) | ကယားပြည်နယ် ပြည်သူ့ပါတီ |
| (၁၁) | ဦးဇော်မင်းထူး | ၆/ထ၀န(နိုင်)၀၄၀၉၀၁ | အမှတ်(၁၁) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၁၂) | ဒေါ်မာရီအားမူ | ၂/ဒမဆ(နိုင်)၀၀၂၆၉၆ | အမှတ်(၁၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |

**ကရင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | | | |
|---|---|---|---|---|
| (၁၃) | စောသိန်းလွင် | ၃/လဘန(နိုင်)၀၅၆၆၄၄ | အမှတ်( ၃ ) | ကရင်အမျိုးသားဒီမိုကရက် တစ်ပါတီ |
| (၁၄) | ဦးခင်ဇော်ထွန်း | ၅/မရန(နိုင်)၁၇၄၀၃၈ | အမှတ်( ၆ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

**စစ်ကိုင်းတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | | | |
|---|---|---|---|---|
| (၁၅) | ဦးအောင်ချစ်လွင် | ၅/ခတန(နိုင်)၀၀၃၃၃၄ | အမှတ်( ၂ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးဝင်းတင့် | ၅/စကန(နိုင်)၀၃၄၅၁၉ | အမှတ်( ၄ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးမြတ်မျိုးညွန့် | ၅/ရဘန(နိုင်)၁၀၁၈၇၃ | အမှတ်( ၅ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးခင်မောင်အေး | ၁၃/ကလန(နိုင်)၀၃၁၆၅၂ | အမှတ်( ၆ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

**စစ်ကိုင်းတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂)**

| | | | | |
|---|---|---|---|---|
| (၁၉) | ဒေါ်သိင်္ဂီဝင်းရွှေ | ၇/တငန(နိုင်)၁၀၁၈၄၇ | အမှတ်( ၉ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးထွန်းအောင်ဝင်း | ၅/ကသန(နိုင်)၀၀၁၉၈၁ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | ဦးပြည့်ဖြိုးစံ | ၅/ဟမလ(နိုင်)၀၇၂၄၁၁ | အမှတ်(၁၁) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၂၂) | ဦးလွှမ်းမိုးနိုင် | ၅/ကဘလ(နိုင်)၀၀၀၃၇၂ | အမှတ်(၁၂) | ပြည်သူ့ပါတီ |

**တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | | | |
|---|---|---|---|---|
| (၂၃) | ဦးငွေထွန်း | ၆/ကစန(နိုင်)၀၅၂၉၃၆ | အမှတ်( ၆ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

**ပဲခူးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | | | |
|---|---|---|---|---|
| (၂၄) | ဒေါ်ခင်ရွှေမြင့်(ခ) ဒေါ်နှောင်းထွေး | ၇/ပခတ(နိုင်)၀၀၀၀၆၇ | အမှတ်( ၅ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

**မကွေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | | | |
|---|---|---|---|---|
| (၂၅) | ဦးတင်မျိုးဇော် | ၈/မကန(နိုင်)၁၃၉၂၅၇ | အမှတ်( ၂ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးအောင်နိုင် | ၈/တတက(နိုင်)၀၀၇၈၈၉ | အမှတ်( ၃ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဦးစိန်ရွှေမင်း | ၈/မဘန(နိုင်)၀၁၇၁၂၈ | အမှတ်( ၄ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၈) | ဦးအောင်နိုင် | ၈/မမန(နိုင်)၀၁၃၂၇၉ | အမှတ်( ၅ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | ဦးခင်မောင်သန်း | ၁၂/အစန(နိုင်)၀၀၆၁၉၂ | အမှတ်( ၆ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

**မကွေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)**

| | | | | |
|---|---|---|---|---|
| (၃၀) | ဦးခင်မောင်ငွေး | ၈/ဆမန(နိုင်)၀၂၄၂၈၂ | အမှတ်( ၇ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးကျော်သူဦး | ၈/မဘန(နိုင်)၀၀၂၆၃၇ | အမှတ်( ၈ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၂) | ဦးစောသွင် | ၈/မဘန(နိုင်)၀၅၆၄၃၇ | အမှတ်( ၉ ) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |

**မကွေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)**

| | | | | |
|---|---|---|---|---|
| (၃၃) | ဦးဇော်လတ်မိုး | ၈/နမန(နိုင်)၀၈၄၇၉၂ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဦးဖေသန့်ဇော် | ၈/ခမန(နိုင်)၁၀၁၂၄၃ | အမှတ်(၁၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၅) | ဒေါ်ခင်ဆွေ | ၈/မလန(နိုင်)၀၁၉၆၂၃ | အမှတ်(၁၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |

**မွန်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | | | |
|---|---|---|---|---|
| (၃၆) | ဒေါ်ယဉ်မင်းထိုက် | ၁၀/ကမရ(နိုင်)၀၁၇၉၅၃ | အမှတ်( ၁ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးခင်မောင်ထွေး(ခ) မင်းစောနွယ် | ၁၀/မဒန(နိုင်)၀၉၈၃၁၅ | အမှတ်( ၃ ) | မွန်ညီညွတ်ရေးပါတီ |
| (၃၈) | နိုင်ချမ်းတွဲ | ၁၀/မလမ(နိုင်)၂၀၈၀၇၅ | အမှတ်( ၅ ) | မွန်ညီညွတ်ရေးပါတီ |
| (၃၉) | ဒေါ်အေးချမ်းမုံ | ၅/အတန(နိုင်)၀၉၀၀၆၇ | အမှတ်( ၆ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

**မွန်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁)**

| | | | | |
|---|---|---|---|---|
| (၄၀) | ဒေါက်တာ ဗညားအောင်မိုး | ၁၀/ရမန(နိုင်)၂၀၂၃၄၈ | အမှတ်( ၇ ) | မွန်ညီညွတ်ရေးပါတီ |
| (၄၁) | ဦးရဲထွဋ်အောင် | ၁၀/ခဆန(နိုင်)၀၇၈၂၉၃ | အမှတ်( ၈ ) | မွန်ညီညွတ်ရေးပါတီ |
| (၄၂) | ဦးစိုးမင်းစမ်း | ၁၀/ဘလန(နိုင်)၀၀၁၀၅၃ | အမှတ်( ၉ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၃) | ဦးဇော်မြင့် | ၁၀/မဒန(နိုင်)၀၀၁၆၆၀ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၄) | ဦးသိန်းမြင့် | ၁၀/ကမရ(နိုင်)၀၀၃၃၇၂ | အမှတ်(၁၁) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၄၅) | ဒေါ်စိုးစိုးမြင့် | ၁၂/ဥကမ(နိုင်)၁၄၀၂၀၇ | အမှတ်(၁၂) | အမျိုးသားအကျိုးစီးပွား တိုးတက်ရေးပါတီ |

**ရန်ကုန်တိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | | | |
|---|---|---|---|---|
| (၄၆) | ဦးခင်မောင်တင့် | ၁၂/အစန(နိုင်)၁၃၆၆၄၈ | အမှတ်( ၃ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

**ရှမ်းပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | | | |
|---|---|---|---|---|
| (၄၇) | ဒေါ်မာလာဆန်း | ၁၃/ကလန(နိုင်)၀၀၉၁၅၇ | အမှတ်( ၂ ) | ခနေတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ |

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၇**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်သူရနှင့်အတူ လယ်ဝေးမြို့နယ် ပေါက်မြိုင် ပရိယတ္တိစာသင်တိုက်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် စားအုန်းဆီများ ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ကံသာကျေးရွာအုပ်စု ရွှေဟင်္သာကျေးရွာ ကွင်းအမှတ် ၁၈၅၁(က) တောင်သူ ဒေါ်ဆိုးတင်၏ လယ်မြေတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မြေချဉ်ငံကိန်း တိုင်းတာခြင်းနှင့် မြေနမူနာ ရယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ သက်ဆိုင်ရာဌာနများ၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ သီးနှံများ အထွက်နှုန်း ကောင်းမွန်စေရေး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ကံသာကျေးရွာဓမ္မာရုံတွင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် အဆင့်မြင့် အပ်ချုပ်စက်သင်တန်းသို့ ရောက်ရှိကာ သင်တန်းသူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။ အဆိုပါအဆင့်မြင့် အပ်ချုပ်စက်သင်တန်းအား ဇန်နဝါရီ ၁၅ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ပြီး ကံသာ၊ သာယာစု၊ သဲဖြူအောက်ချိုင်း ကျေးရွာများမှ သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ဝင်တဲကူးကျေးရွာတွင် လျှပ်စစ်မီးရရှိရေး ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တပ်ဆင်ပြီးစီးမှုအား သွားရောက်ကြည့်ရှုကာ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်အတွင်းရှိ အားကစားကွင်း/အားကစားရုံများ လိုက်လံကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နွေရာသီ အားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနိုင်စေရေး၊ သိပ္ပံသင်တန်းသားနှင့် မျိုးဆက်သစ်လူငယ်အားကစားသမားများ ပိုမိုမွေးထုတ်ပေးနိုင်စေရေးတို့အတွက် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်အတွင်းရှိ အားကစားကွင်း/အားကစားရုံများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် အားကစားကွင်း/အားကစားရုံသို့သွားရောက်ပြီး ဘောလုံးကွင်း၊ အထူးတန်းပွဲကြည့်စင်၊ VIP ဧည့်ရိပ်သာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်လာစေရေး၊ မန္တလေးတိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနိုင်စေရေး၊ သိပ္ပံသင်တန်းသားနှင့် မျိုးဆက်သစ်လူငယ်အားကစားသမားများ ပိုမိုမွေးထုတ်ပေးနိုင်စေရေး၊ အားကစားဝါသနာပါသည့် လူငယ်များနှင့် ပြည်သူများ လာရောက်လေ့ကျင့်မှု ပြုလုပ်လျက်ရှိသည့် အားကစားကွင်း/အားကစားရုံ အတွင်း/အပြင်နှင့် ပတ်ဝန်းကျင်အမြဲတမ်းသန့်ရှင်းသာယာလှပစေရေးနှင့် အဝင်မုခ်ဦးဆိုင်းဘုတ်ဗီနိုင်းနှင့် အထူးတန်းပွဲကြည့်စင်မျက်နှာစာ နဖူးစည်းတန်း (ပန်းဆွဲ) အသစ်ပြန်လည်ပြုပြင်တပ်ဆင်ခြင်း၊ အထူးတန်းပွဲကြည့်စင်၊ Inner Fence တိုင်အောက်ခြေ၊ အုတ်ခုံ၊ VIP ဧည့်ရိပ်သာရှိ ရေစင်နှင့် အားစားရုံခန်းမနံရံတို့ကို ပြန်လည်ဆေးသုတ်သွားရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၌ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် အုပ်ချုပ်မှုကိစ္စထူးခြားဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် သွားလာနေထိုင်ကြရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းသစ္စာ အဓိဋ္ဌာန်(၆)ချက်နှင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အပါး (၃၀)တို့ကို လေ့လာကျက်မှတ်၍ လေးစားလိုက်နာသွားရန်လိုကြောင်း၊ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနိုင်စေရေး၊ သိပ္ပံသင်တန်းသားနှင့် မျိုးဆက်သစ်လူငယ်အားကစားသမားများ ပိုမိုမွေးထုတ်ပေးနိုင်စေရေး တိုက်တွန်းမှာကြားပြီးနောက် ဝန်ထမ်းများ၏ တင်ပြချက်များနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများ နေထိုင်၊ စားသောက်မှုများ အဆင်ပြေစေရေးအတွက် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက် စသည့် စားသောက်ကုန်ပစ္စည်းများအား ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ ညနေပိုင်းတွင် ပုဂ္ဂလိကလုပ်ငန်းရှင် ငှားရမ်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံပိုင်နန်းမြိုင်ဟိုတယ်သို့ ရောက်ရှိကာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအဆင့်အတန်း မြင့်မားလာစေရန်နှင့် မြန်မာနိုင်ငံ၏ တောင်ပေါ် အပန်းဖြေမြို့တစ်မြို့ဖြစ်သည့် ပြင်ဦးလွင်မြို့ကို ခရီးသွားမြို့တော်ဂုဏ်အင်္ဂါရပ်နှင့် ညီညွတ်စေရန်အတွက် ခရီးသွားရာသီအတွင်း လာရောက်တည်းခိုကြသည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကို တန်းပြည့်ဝန်ဆောင်မှုပေး၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဟိုတယ်ရှိဝန်ထမ်းများ၏ ဝန်ဆောင်မှုအရည်အသွေးများ ယခုထက် ပိုမိုအဆင့်မီ ကောင်းမွန်စေရေးအတွက် လေ့ကျင့်ဆောင်ရွက်ပေးနိုင်ရေး၊ ဟိုတယ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေး၊ လာရောက်တည်းခိုသည့် ဧည့်သည်များအတွက် ကိုယ်ကာယကျန်းမာရေးလေ့ကျင့်ခန်းများ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ရေးတို့ကို မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂန္ဓမာမြိုင်ဟိုတယ်သို့သွားရောက်၍ ဟိုတယ်ဝင်းအတွင်း မြေယာရှုခင်းများလှပစွာ ဆက်လက်ဆောင်ရွက်ထားရှိရန်နှင့် ကားရပ်နားရန်နေရာများကိုပါ စနစ်တကျဆောင်ရွက်ထားရှိရန်၊ အဆောက်အအုံအား မူလလက်ရာမပျက်စေဘဲ ထိန်းသိမ်းပြုပြင်ဆောင်ရွက်ရန်နှင့် ဌာနေဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်မည့်လုပ်ငန်းများကို တိုးချဲ့စီစဉ်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီး ငြိမ်းချမ်းရေးဆုတောင်းပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၇**

ကမ္ဘာကြီးငြိမ်းချမ်းစေရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးနှင့် Ingo PEACE.(Japan) တို့ ပူးပေါင်းကျင်းပသည့် A Gathering in prayer for Human Dignity and Peace 2026 ခေါင်းစဉ်ဖြင့် ငြိမ်းချမ်းရေးဆုတောင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြဝတီသတင်းစင်တာ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) နာယကများ၊ ဘာသာကြီး(၄)ရပ်မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဥက္ကဋ္ဌများ၊ ဘာသာကြီး(၄)ရပ်မှ အသင်းအဖွဲ့ဥက္ကဋ္ဌများနှင့် ဘာသာရေးခေါင်းဆောင်များ၊ ခရိုင်များနှင့် မြို့နယ်များမှ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အဖွင့်နှုတ်ခွန်းဆက်မေတ္တာစကား ပြောကြားသည်။

ထို့နောက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏက ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တအဂ္ဂသာမိ (ဒွိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ဝမ်းမြောက်ကြောင်း သဝဏ်လွှာအားဖတ်ကြား၍ အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် Ingo PEACE.(Japan) မှ ဌာနေကိုယ်စားလှယ် Peter Ngun Za Cung (Representative Director)က ဆုတောင်းပွဲ၏ ရည်ရွယ်ချက်အား ပြောကြားပြီး ဘာသာကြီး (၄) ရပ်မှ ဓမ္မဆရာများက တစ်ဦးချင်းအလိုက် မေတ္တာပို့ဆုတောင်းစကားပြောကြားကြကာ World Humanitarian Support Promotion Organization Representative Director Khual Lian Kam က လူသားတို့အတွက် ငြိမ်းချမ်းရေးဆုတောင်းခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ကမ္ဘာကြီးငြိမ်းချမ်းရေးနှင့်အတူ နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံသူ နိုင်ငံသားအားလုံးအတွက်မိမိတို့ဘာသာအလိုက် တစ်မိနစ်ခန့်ဆုတောင်းမေတ္တာပေးပို့သခြင်း ဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ၏ အမှန်တရားနှင့်တရားမျှတမှုအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သားတည်းရပ်တည်လျက်ရှိကြောင်း ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က သဘောထားထုတ်ပြန်ချက်ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**
**သဘောထားထုတ်ပြန်ချက်(၁/၂၀၂၆)**
**၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ သောကြာနေ့**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂)ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)တွင် မြန်မာနိုင်ငံအတွက် တရားမျှတမှုနှင့် အမှန်တရားအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

၂။ ICJ အမှုအခင်းသည် မြန်မာနိုင်ငံအတွက် သွေးရိုးသားရိုးအမှုအခင်းတစ်ခုမဟုတ်ဘဲ နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားတို့နှင့်သက်ဆိုင်သော နိုင်ငံ့အရေးဖြစ်သောကြောင့် မြန်မာနိုင်ငံက မကျူးလွန်သည့်အမှုတစ်ခုကို နိုင်ငံတကာအထင်အမြင်လွဲမှားအောင်၊ မတရားစွပ်စွဲခံရအောင်၊ မြေပြင်အခြေအနေနှင့်ကွဲလွဲသော သတင်းအချက်အလက်အမှားများဖြင့် စွပ်စွဲနေခြင်းသာဖြစ်ပါသည်။

၃။ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)မှ တရားသူကြီးများအနေဖြင့် မှန်ကန်သောတရားစီရင်ရေးကျင့်ဝတ်ကို စောင့်ထိန်းလျက် အမှန်တရားအတိုင်း ဘက်လိုက်မှုကင်းစွာဖြင့် ဆုံးဖြတ်နိုင်မည်ဟု မျှော်လင့်ပါသည်။ယခုအမှုကိစ္စသည် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာတရား၊ အချုပ်အခြာအာဏာ၊ အကျိုးစီးပွားနှင့် သက်ဆိုင်သောကိစ္စရပ်များ ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏အမှန်တရားအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သားတည်းရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

# အဲဒီအချိန် မြန်မာ့အသံမှာ တိုင်းရင်းသားဘာသာအစီအစဉ်နဲ့ နယ်ခြားဒေသလူမျိုးစုအစီအစဉ်ဆိုပြီး နှစ်ခုကို ခွဲထားပါတယ်။ ဘင်္ဂါလီဆိုတဲ့ ရိုဟင်ဂျာ အသံလွှင့်အစီအစဉ်က တိုင်းရင်းသားမဟုတ်တဲ့အတွက်ကြောင့် အဲဒီအချိန်ကတည်းကိုက နယ်ခြားဒေသလူမျိုးစုအစီအစဉ်ဆိုပြီး ထည့်သွင်းထားတာကို ၁၉၆၁ ခုနှစ် နေ့စဉ်ထုတ်သတင်းစာတွေမှာ လေ့လာတွေ့ရှိခဲ့ရပါတယ်

▪ ဒေါက်တာ ဆင့်ဆင့်မြတ်

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့် ပတ်သက်ပြီး ကြားနာပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် ပြုလုပ်လျက်ရှိသည်။

အဆိုပါကြားနာပွဲနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဗိုလ်မှူးကြီး မောင်မောင်ငြိမ်း(ငြိမ်း)နှင့် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်(YUFL)၊ နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဆင့်ဆင့်မြတ်တို့၏ ပြောကြားချက်များကို ဖော်ပြအပ်ပါသည်–

**ဗိုလ်မှူးကြီး မောင်မောင်ငြိမ်း(ငြိမ်း)**
**(ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့သူ)**

ကျွန်တော်က ၁၉၉၃ ခုနှစ်မှာ ဘူးသီးတောင်မြို့မှာရှိတဲ့ တပ်ရင်းတစ်ရင်းကို တပ်ရင်းမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော် ၃ နှစ်လောက်ကြာပါတယ်။ အဲဒီတုန်းကတော့ နစကစပြီး ဖွဲ့စည်းကာစပါ။ ကျွန်တော်တို့ တပ်ပတ်ဝန်းကျင်မှာလည်း ဘင်္ဂါလီကျေးရွာတွေ အများကြီးရှိတယ်။ အဲဒီတုန်းက ဘင်္ဂါလီတွေနဲ့လည်း ကျွန်တော်တို့ တော်တော်လေး ခင်ခင်မင်မင်နဲ့ နစကရဲ့ လုပ်ငန်းတာဝန်တွေကို အကောင်အထည်ဖော်ခဲ့တာရှိပါတယ်။

၂၀၁၇ ခုနှစ်မှာ ရခိုင်ဒေသမှာ ဒီဖြစ်စဉ်ဖြစ်တယ်။ ဖြစ်တဲ့အချိန်မှာ ကျွန်တော့်အနေနဲ့ ပြောချင်တာက ကျွန်တော်တို့နေတုန်းက ရခိုင်ဒေသမှာ ဘင်္ဂါလီတွေက ဒီလိုသဘောမဟုတ်ဘူး။ ဘာကြောင့် ဒီကိစ္စတွေ ဖြစ်လာသလဲ။ ဒါကို မခံစားနိုင်တဲ့အတွက် ကျွန်တော်ကိုယ်တိုင်ပဲ ၂၀၁၈ မှာ ဘူးသီးတောင်–မောင်တောဒေသကိုသွားပြီး ဘူးသီးတောင်–မောင်တောဒေသ၊ ရသေ့တောင်ဒေသ၊ တောင်ပိုင်းကနေ မြောက်ပိုင်းအထိ တောက်လျှောက်သွားပြီး ဖြစ်စဉ်ဖြစ်ခဲ့တဲ့နေရာတွေမှာ ဖြစ်စဉ်ကို ခံစားခဲ့ရတဲ့ ရခိုင်တိုင်းရင်းသားတွေ၊ ဘင်္ဂါလီတွေ၊ အဲဒီဒေသမှာရှိတဲ့ မော်လဝီဆရာတွေ၊ ဘုန်းတော်ကြီးတွေကို မေးမြန်းပြီး အင်တာဗျူးလုပ်ခဲ့ပါတယ်။ အဲဒီအင်တာဗျူးမှတ်တမ်းတွေ အကုန်ရှိပါတယ်။ နောက်တစ်ခါ အဲဒီမှာ ဖြစ်စဉ်အကြီးကြီးတစ်ခု၊ အဲဒါက ရဲဘောက်ကျကျေးရွာမှာ ဘင်္ဂါလီတွေဝင်တဲ့အချိန် ရွာလုံးကျွတ် လူ ၁၄၄ ယောက်ကို ဘင်္ဂါလီတွေ သတ်လိုက်တာရှိတယ်။ အဲဒီမှာ ကောင်မလေး ခုနစ်ယောက်ကို သူတို့က ခေါ်သွားတယ်။ **ရည်ရွယ်ချက်က ဟိုဘက်ကမ်းကိုရောက်ရင် ဒီကောင်မလေး ခုနစ်ယောက်နဲ့ သက်သေပြမယ်။ သတ်လိုက်တာတွေဟာ တပ်မတော်က သတ်တာ၊ တပ်မတော်က လိုက်သတ်လို့ သူတို့လည်း ထွက်ပြေးလွတ်မြောက်လာတာပါဆိုတဲ့ သဘောမျိုးနဲ့ ဒီလိုအကွက်ဆင်ပြီးလုပ်တဲ့ ဖြစ်စဉ်တစ်ခုပါပဲ။ ကံအားလျော်စွာပဲ ဒီကောင်မလေးတွေက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကူတူပါလောင် ဒုက္ခသည်စခန်းကနေ ထွက်ပြေးလွတ်မြောက်လာပါတယ်။ အဲဒီကောင်မလေးတွေကို လူချင်းတွေ့ဆုံပြီး ကျွန်တော် အင်တာဗျူးလုပ်ခဲ့ပါတယ်။ လုပ်တဲ့အခါ ဖြစ်စဉ်အမှန်ကို သွားပြီးတွေ့ရပါတယ်။ အဲဒါနဲ့ ကျွန်တော် မှတ်တမ်းတင်နိုင်အောင် စာအုပ်တစ်အုပ်ကို ရေးသားခဲ့ပါတယ်။ ဒီစာအုပ်ကပြောမယ်ဆိုရင် သုတေသနစာတမ်းလေးတစ်ခုပါပဲ။** စာအုပ်နာမည်က ဂုဏ်သိက္ခာရှိစွာဖြင့် ပြောင်းရွှေ့ဝင်ရောက်ရန် ကြိုးစားနေတဲ့ ဘင်္ဂါလီဖြစ်ပါတယ်။ ဒီစာအုပ်ခေါင်းစဉ်ကို ကျွန်တော်တပ်လိုက်တာသည် Displacement with Dignity ပါ။ အဲဒါက စာတမ်းတစ်ခုကို ကျွန်တော်ဖတ်မိတယ်။ အဲဒါတော့ ဩစတြေးလျမှာရှိတဲ့ ဥပဒေပညာရှင်နှစ်ယောက်က ရာသီဥတုဖောက်ပြန်မှုကြောင့် ဘင်္ဂလားဒေ့ရှ်မှာရှိတဲ့ လူတွေက ဂုဏ်သိက္ခာရှိစွာနဲ့ ပတ်ဝန်းကျင်နိုင်ငံကို ပြောင်းရွှေ့ဝင်ရောက်ရန် အကြံအစည်ရှိတယ်ဆိုတာကို ဒီသုတေသနစာတမ်းမှာ သွားတွေ့ရပါတယ်။ အဲဒါနဲ့ ကျွန်တော့်ရဲ့ စာအုပ်ခေါင်းစဉ်လည်း အဲဒီခေါင်းစဉ်လေး ပေးလိုက်ပါတယ်။

အဓိကကတော့ သူတို့က ကြိုတင်ကြံရွယ်ချက်နဲ့ ဒီလုပ်ငန်းကြီးကို အကောင်အထည်ဖော်တဲ့ သဘောမျိုးကို ကျွန်တော်ဖော်ညွှန်းခြင်းဖြစ်ပါတယ်။ ရဲဘောက်ကျကျေးရွာဖြစ်စဉ်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဖြစ်ရပ်မှန်မှတ်တမ်းတင်ဗီဒီယိုခွေလည်း ထုတ်ဝေခဲ့ပါတယ်။ ဒီလိုနေရင်းနဲ့ နောက်တော့ ကျွန်တော် ဘာသွားတွေ့သလဲဆိုတော့ ဒီဖြစ်စဉ်မဖြစ်ခင်မှာ တပ်ကနေ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် သူတို့ရဲ့ ဘင်္ဂါလီစခန်းမှာ laptop တစ်လုံးသွားတွေ့တယ်။ အဲဒီ laptop ထဲမှာ မှတ်တမ်းတွေ အများကြီးတွေ့တယ်။ **ဒီဘင်္ဂါလီတွေက ဒီဖြစ်စဉ်မဖြစ်ခင် နှစ်နှစ်၊ သုံးနှစ်ကတည်းက ကြိုတင်ပြီး ဆော်ဒီမှာ စစ်ရေးလေ့ကျင့်တာတွေ သွားတွေ့တယ်။ နောက်တစ်ခါ ဘူးသီးတောင် – မောင်တောဒေသမှာပဲ မေယုတောင်တန်းမှာ လိုဏ်ဂူတွေဖောက်ပြီး လိုဏ်ဂူထဲမှာ လေ့ကျင့်တာတွေ သွားတွေ့ရတယ်။ ဒီလိုတွေ့တဲ့အခါမှာ ဒါဟာ ရှင်းနေတာပဲ။ သူတို့ ဒါကိုကြိုတင်ကြံရွယ်ချက်နဲ့ လုပ်သွားတာ။** အဲဒီမှာ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီးတော့ UNHCR ကနေ ကျွန်တော်တို့ကို Fact Finding Mission ပေါ့။ အချက်အလက်ရှာဖွေရေးအဖွဲ့ဆိုပြီး ဖွဲ့လိုက်တာရှိတယ်။ အဲဒီအစီရင်ခံစာကို ဖတ်ကြည့်လိုက်တဲ့အခါ ဒီအစီရင်ခံစာထဲမှာ တကယ့်ဖြစ်ရပ်မှန်တွေရေးထားတာမဟုတ်ဘူး။ လုံးဝမဟုတ်ဘူး။ မဟုတ်ဘဲနဲ့ ဒုက္ခသည်စခန်းမှာရှိတဲ့ ဒုက္ခသည်တွေကို မေးပြီးတော့ရေးတာ။ တကယ့်လက်တွေ့နဲ့ ပြောင်းပြန်ပဲ။ အဲဒီမှာ တပ်မတော်ကနေပြီးတော့ ဘင်္ဂါလီအင်အား ၁၀၀၀၀ လောက်သတ်လိုက်တယ် အစရှိသဖြင့် အများကြီး ပုံကြီးချဲ့ရေးထားတာလေ။ အထောက်အထား ခိုင်မာမှုမရှိဘဲနဲ့ သူတို့ဆီမှာ ပြစရာရယ်လို့ ဓာတ်ပုံတစ်ပုံမရှိဘူး။ ဒီခေတ်ကြီးမှာပါ။ လူတိုင်းတယ်လီဖုန်းကိုင်နေတဲ့ အချိန်မှာပါ။ နောက်တစ်ခါ ဗီဒီယိုဖိုင်လေးတစ်ဖိုင်မရှိဘူး။ တစ်ဖက်က နှုတ်နဲ့ထွက်ဆိုချက်ကိုပဲ ယူပြီးတော့ ရေးထားတဲ့ FFM report ကြီး သွားတွေ့ရတယ်။ အဲဒီ report ကြီးနဲ့ OIC ကနေပြီး ဂမ်ဘီယာကို ခေါင်းတပ်ပြီးတော့မှ ကျွန်တော်တို့ကို ICJ မှာ ရုံးတင်တာပဲ။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံကို ဖိလစ်ပိုင်နိုင်ငံက ဒုတိယဝန်ကြီးတစ်ယောက် ဦးစီးပြီးတော့ အဖြစ်မှန်ကို လာကြည့်တဲ့ ICOE က လာစစ်ပါတယ်။ စစ်တဲ့အခါမှာလည်း ဖြစ်ရပ်မှန်ကို သက်သေအထောက်အထားတွေနဲ့ တင်ပြနိုင်ခဲ့ပါတယ်။ နိုင်ငံတကာမီဒီယာတွေကရေးတာတော့ အများကြီးဖြစ်နေတယ်။ ကျွန်တော်လည်း မနေနိုင်တော့ ထိုင်းနိုင်ငံကိုသွားပြီး ထိုင်းနိုင်ငံမှာရှိတဲ့ သတင်းအဖွဲ့တွေနဲ့ သတင်းစာရှင်းလင်းပွဲ ကျွန်တော်လုပ်တယ်။ ဖြစ်ရပ်မှန်တွေပြပြီးတော့ လုပ်ပါတယ်။ ထိုင်းက သူ့နိုင်ငံပိုင်အသံလွှင့်ဌာနကလည်း ဒီကိစ္စကို စိတ်ဝင်စားတဲ့အတွက် ကျွန်တော့်ကို အင်တာဗျူးလုပ်တယ်။ အင်တာဗျူးမှတ်တမ်းလေးလည်း ထွက်လာပါတယ်။ တကယ်လက်တွေ့ ဖြစ်နေတာကတစ်မျိုး ပြောတာကတစ်မျိုး။ အဲဒါမျိုးလေးတွေ သွားတွေ့ရပါတယ်။

နောက်တစ်ခါ ဘာဖြစ်သလဲဆိုတော့ အမေရိကန်နိုင်ငံသား ခံယူထားတဲ့ ဆီးရီးယားလူမျိုး၊ အဲဒီသတင်းအဖွဲ့၊ သူ့ရဲ့သတင်းဌာနကို ဟိုဘက်က တော်တော်လေးကို လေးစားတဲ့ဌာနပါပဲ။ သူလည်း ရန်ကုန်ကို ရောက်လာတယ်။ ရန်ကုန်ရောက်လာပြီးတော့ သူ့ကို



ဗိုလ်မှူးကြီး မောင်မောင်ငြိမ်း(ငြိမ်း)



ဒေါက်တာဆင့်ဆင့်မြတ် (တွဲဖက်ပါမောက္ခ)

ဖြစ်စဉ်အားလုံးရှင်းပြတယ်။ ကောင်းပြီ၊ ခင်ဗျားကိုယ်တိုင်ကလည်း အစ္စလာမ်လူမျိုးဖြစ်တယ်။ ခင်ဗျားဖြစ်စဉ်အမှန်သွားကြည့်ပါ။ ကြိုတင်ပြောထားခြင်းမရှိဘဲ သွားကြည့်ပါ။ ဘာကိုကြည့်ရမလဲ။ ဗလီကို သွားကြည့်လိုက်၊ ဈေးကိုသွားကြည့်လိုက်၊ မောင်တောဈေးမှာ ရခိုင်တိုင်းရင်းသားတွေ ဘယ်နှယောက်ရောင်းနေသလဲဆိုတာ။ ရခိုင်တိုင်းရင်းသားမရှိဘူး။ အကုန်လုံး ဘင်္ဂါလီတွေချည်းပဲ။ နောက်တစ်ခါလယ်တွေလုပ်နေတဲ့ ဘင်္ဂါလီတွေကို မေးကြည့်၊ စာသင်ကျောင်းတွေ သွားကြည့်၊ အဲဒီမှာ ခင်ဗျားတွေ့ပါလိမ့်မယ်လို့ ပြောခဲ့တယ်။ သူပြန်လာတဲ့အခါမှာ ကျွန်တော့်ကို ဘာပြောသလဲဆိုတော့ သူထင်ထားတာနဲ့ တလွဲစီပဲတဲ့။ ရခိုင်ဒေသသွားရင်ပဲ လုံခြုံရေးမကောင်းဘူးဆိုပြီး ဟိုမှာ အေးအေးဆေးဆေးပဲ။ အေးအေးဆေးဆေးနေကြပြီးတော့ ဗလီတက်နေတဲ့ သူလည်းတွေ့တယ်။ ဘာသာရေးခေါင်းဆောင်တွေနဲ့လည်း တွေ့တယ်။ သူကိုယ်တိုင်လည်း အစ္စလာမ်လူမျိုးဆိုတော့လေ။ ဘင်္ဂါလီလူမျိုးတွေက လွတ်လွတ်လပ်လပ် နေထိုင်လုပ်ပိုင်ခွင့်ရှိတာကို သူမျက်ဝါးထင်ထင်တွေ့ခဲ့တယ်။ အဲဒါလည်း သူ့သတင်းဌာနကနေပြီးတော့ နိုင်ငံတကာကို ဖြန့်ဖို့ ဗီဒီယိုခွေလေးတစ်ခွေ ထွက်လာပါတယ်။

အဓိက ကျွန်တော်ပြောချင်တဲ့စကားက ဒီဘင်္ဂါလီတွေဟာ တကယ်တမ်းတော့ ကျွန်တော်တို့ နိုင်ငံသားမဟုတ်ဘူး။ သူ့မှာ နိုင်ငံသားပြနိုင်တဲ့ အထောက်အထားတစ်ခုမှ မရှိဘူး။ မရှိတော့ ကိုယ့်နိုင်ငံသားမဟုတ်တဲ့ ဒီဘင်္ဂါလီလူမျိုးတွေကို ကျွန်တော်တို့ မြန်မာနိုင်ငံက ပညာသင်ကြားခွင့်ပေးတယ်၊ အသက်မွေးဝမ်းကျောင်း လုပ်ခွင့်ပေးတယ်၊ ဆေးကုသခွင့်ပေးတယ်။ အဲဒီတော့ ကိုယ့်နိုင်ငံသားကဲ့သို့ပဲ ကိုယ့်နိုင်ငံသားမဟုတ်တဲ့သူတွေကို ကျွန်တော်တို့ နိုင်ငံတော်အစိုးရက အဲဒီလိုပေးခဲ့တဲ့ အထောက်အထားတွေ သူတွေ့သွားပါတယ်။ အဓိကခြုံငုံပြီး သုံးသပ်ရမယ်ဆိုရင် ဒီဘင်္ဂါလီဖြစ်စဉ်ဟာ သူတို့အနေနဲ့ ကြိုတင်ကြံရွယ်ပြီးတော့ အကွက်ချပြီး လုပ်သွားတဲ့ ဖြစ်စဉ်ပဲ။

အဓိကကတော့ ကျွန်တော်တို့ နိုင်ငံတော်အစိုးရကို နိုင်ငံရေးထောင်ချောက်ထဲကို ထည့်ပြီးတော့ နောက်ဆုံး ကိုယ့်နိုင်ငံသားမဟုတ်တဲ့ ဒီဘင်္ဂါလီတွေကို ကျွန်တော်တို့ ပြန်လက်ခံရတယ်။ အဲဒီတော့ ကျွန်တော်တို့ လဝကမှာ စာရင်းပြန်ကြည့်တဲ့အခါကျတော့ ကျွန်တော်တို့ နိုင်ငံမှာ ဘင်္ဂါလီတွေစာရင်းက အတိအကျရှိတယ်။ အကုန်လုံးကို မှတ်တမ်းအတိအကျရှိတယ်။ ဓာတ်ပုံမှတ်တမ်းတွေလည်းရှိတယ်။ လက်ဗွေမှတ်တမ်းတွေလည်းရှိတယ်။ ကိုယ့်နိုင်ငံမှာနေတဲ့ဟာတွေက ဒီကနေ ဘယ်လောက်ဘင်္ဂလားဒေ့ရှ်ကို ပြေးသွားသလဲဆိုရင် လူဦးရေ ၄ သိန်းလောက်ပြေးသွားတယ်။ အခုလက်ရှိ ရခိုင်ဒေသမှာ ကျန်နေတာ လူဦးရေ ၄ သိန်းကျော်ကျော်လောက် ကျန်သေးတယ်။ တစ်ဝက်ကျော်ကျော်လောက် ပြေးသွားတာ။ ဒါပေမယ့် ကူတူပါလောင် ဒုက္ခသည်စခန်းမှာ ဘင်္ဂါလီဦးရေက ၁ သန်းခွဲလောက်ဖြစ်နေတယ်။ ဘယ်ကလူတွေရောက်လာသလဲ မသိဘူး။ ဆိုလိုတာက များပြားလှတဲ့ ဘင်္ဂါလီတွေက ဒီနိုင်ငံကို ပြန်ဝင်လာတယ်။ သို့သော်လည်း ကျွန်တော်တို့မှာကတော့ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ် ချုပ်ဆိုထားတဲ့ ပြန်လည်လက်ခံရေး စာချုပ်ကရှိတယ်။ အဲဒီစာချုပ်အရတော့ ဒီနိုင်ငံက အမှန်တကယ်ပြေးတဲ့သူတွေပဲ ကျွန်တော်တို့ ပြန်လက်ခံမယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ရပ်တည်ချက်ကတော့ မြန်မာနိုင်ငံကနေပြီးတော့ ဒီမှာနေထိုင်ပြီး တစ်ဖက်ပြေးသွားတဲ့ အထောက်အထား သူတို့ပြနိုင်ရမယ်။ ပြနိုင်တဲ့လူတွေပဲ ကျွန်တော်တို့ ပြန်လက်ခံမယ်။ အဲဒီနေရာမှာ သူတို့က အားလုံးကို မျက်စိမှိတ်ပြီး လက်ခံစေပြီးတော့မှ နိုင်ငံသားပေးရမယ်ဆိုတဲ့ သဘောမျိုး တောင်းဆိုနေတာ လေ့လာတွေ့ရှိရပါတယ်။

အဲဒီဘင်္ဂါလီဒေသမှာ မြန်မာနိုင်ငံ အနောက်ဘက်တံခါးပြဿနာဟာ မြန်မာနိုင်ငံအတွက် ကြီးမားတဲ့ စိန်ခေါ်မှုတစ်ခု ဖြစ်နေပါတယ်။ အထောက်အထား ခိုင်မာမှုမရှိဘူး။ ပါးစပ်ပြော အထောက်အထားတွေနဲ့ပဲ ICJ မှာ တရားရင်ဆိုင်ရတဲ့ အနေအထား ဖြစ်နေပါတယ်။ တကယ်တမ်း တရားနည်းလမ်းတကျ ကြည့်မယ်ဆိုရင် တရားမျှတမှုမရှိဘူးဆိုတာ လေ့လာတွေ့ရှိရပါတယ်။

**ဒေါက်တာဆင့်ဆင့်မြတ် (တွဲဖက်ပါမောက္ခ)**
**နိုင်ငံတကာဆက်ဆံရေးပညာဌာန**
**ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL)**

ကျွန်မအနေနဲ့ ဒီနေ့မှာ ၁၉၆၁ ခုနှစ် မူဂျာဟစ်လက်နက်ကိုင်အဖွဲ့တွေရဲ့ လက်နက်ချ အခမ်းအနားမှာ ဗိုလ်မှူးချုပ်အောင်ကြီး မိန့်ခွန်းပြောသွားတဲ့ အထဲမှာပါဝင်တဲ့ ရိုဟင်ဂျာဆိုတဲ့ စကားလုံးနဲ့ ပတ်သက်ပြီး ဆွေးနွေးမှာ ဖြစ်ပါတယ်။

**ပထမအချက်အနေနဲ့ ကျွန်မဆွေးနွေးချင်တာက ဗိုလ်မှူးချုပ်အောင်ကြီးအနေနဲ့ ရိုဟင်ဂျာဆိုတဲ့ စကားလုံးကို သုံးတဲ့အခါမှာ မူဂျာဟစ် လက်နက်ကိုင်အဖွဲ့တွေကနေ သူတို့တွေကို ဘင်္ဂါလီလို့ မသုံးဘဲနဲ့ ရိုဟင်ဂျာလို့ပဲ သုံးပေးပါလို့ တောင်းဆိုတဲ့အခါမှာ အစိုးရရဲ့ အာဏာသက်ရောက်စေဖို့အတွက် လိုက်လျောတဲ့သဘောအနေနဲ့ ဗိုလ်မှူးချုပ်အောင်ကြီးက ရိုဟင်ဂျာဆိုတဲ့ စကားလုံးကို အသုံးပြုခဲ့ခြင်းဖြစ်ပါတယ်။**

ဒုတိယအချက်အနေနဲ့ အဲဒီလိုသုံးတဲ့အခါမှာ ဗိုလ်မှူးချုပ်အောင်ကြီးအနေနဲ့ ဘင်္ဂလားဒေ့ရှ် နယ်စပ်ဒေသတွေမှာရှိတဲ့

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ဘင်္ဂါလီတွေနဲ့ အခု မူဂျာဟစ်တွေ တောင်းဆိုတဲ့ ရိုဟင်ဂျာဆိုတာက မတူပါဘူးဆိုတဲ့ စကားလုံးကို လုံးဝသုံးသွားခြင်း မရှိပါဘူး။

တတိယအချက်အနေနဲ့ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်းဆက်စပ်နေတဲ့ နယ်စပ်တစ်လျှောက်မှာဆိုရင် ဟိုဘက်သည်ဘက်မှာ တိုင်းရင်းသားလူမျိုးစုတွေက နေထိုင်ကြပါတယ်။ ဥပမာဆိုရင် မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံ နယ်နိမိတ်ထိစပ်နေတဲ့ နေရာတွေမှာဆိုရင် လီဆူး၊ အီကော၊ လဝဆိုတဲ့ လူမျိုးတွေ နေထိုင်ကြသလိုပဲ မြန်မာနဲ့ ထိုင်းနိုင်ငံ နယ်စပ်တစ်လျှောက်မှာဆိုရင် တိုင်၊ မွန်၊ ကယန်းလူမျိုးတွေ နေထိုင်ကြတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံနဲ့ အရင်ကခေါ်တဲ့ မေယုနယ်ခြား၊ အခုကျတော့ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာတင်ပဲ ဘင်္ဂါလီလူမျိုးတွေက ဟိုဘက်သည်ဘက် နေထိုင်ကြတာမျိုး မဟုတ်ပါဘူး။ အရင့်အရင်ကတည်းက တခြားသော ကျွန်မတို့ တရုတ်နဲ့ မြန်မာနယ်စပ်မှာ၊ တရုတ်နဲ့ ထိုင်းနယ်စပ်မှာ လူမျိုးစုတွေ နေထိုင်ကြတာရှိပါတယ်။ ဥပမာဆိုရင် မြန်မာနိုင်ငံမှာ ရှမ်းလို့သိထားပြီး တရုတ်မှာဆိုရင် တိုင်လူမျိုးစုလို့ သိထားပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာမှာလည်း ဘင်္ဂါလီလူမျိုးစုတွေ နေထိုင်ပြီးတော့ မြန်မာဘက်မှာတော့ ရိုဟင်ဂျာဆိုပြီးတော့ သုံးနှုန်းလိုက်ခြင်းဖြစ်ပါတယ်။ အဲဒါကလည်း ဗိုလ်မှူးချုပ်အောင်ကြီးရဲ့မိန့်ခွန်းမှာ သူရဲ့ဆိုလိုရင်း အဓိပ္ပာယ်က ဟိုဘက် ဒီဘက်မှာ နေထိုင်ကြတဲ့လူမျိုးတွေဖြစ်တယ်ဆိုတဲ့ သဘောမျိုးနဲ့ ပြောသွားခြင်းဖြစ်တယ်လို့ ကျွန်မလေ့လာတွေ့ရှိရပါတယ်။

တစ်ဆက်တည်းမှာပဲ ဗိုလ်မှူးချုပ်အောင်ကြီးမိန့်ခွန်းနဲ့ပတ်သက်ပြီး ဒီရိုဟင်ဂျာဆိုတဲ့ စကားလုံးအသုံးအနှုန်းက မြန်မာ့အသံ၊ အသံလွှင့်ဌာနရဲ့ ရိုဟင်ဂျာအစီအစဉ်နဲ့ပတ်သက်ပြီးတော့ တွေ့ရှိထားတဲ့ အချက်အလက်တွေကို ဆွေးနွေးချင်တာပါ။ ပထမဦးဆုံးပြောရမယ်ဆိုရင် ရိုဟင်ဂျာအသံလွှင့်အစီအစဉ်ဆိုတာ ဖြစ်လာတဲ့အကြောင်းအရာကို ပြောချင်တာပါ။ ဒုတိယကမ္ဘာစစ်ကတည်းက နိုင်ငံခြားလူမျိုးစုနဲ့ပတ်သက်တဲ့ အစီအစဉ်တွေက မြန်မာပြည်မှာ ထုတ်လွှင့်နေပါပြီ။ ဥပမာပြောရရင် တမီလ်ဘာသာစကားနဲ့ပတ်သက်တဲ့ အသံလွှင့်အစီအစဉ်၊ ဘင်္ဂါလီအသံလွှင့်အစီအစဉ်၊ ဟိန္ဒူစတန်နီဘာသာစကားနဲ့ ပတ်သက်တဲ့ အသံလွှင့်အစီအစဉ်ဆိုပြီး ရှိခဲ့ပါတယ်။ ဒါပေမယ့် ၁၉၆၁ ခုနှစ်ရောက်တဲ့အခါမှာ ဗိုလ်မှူးချုပ်အောင်ကြီးနဲ့ မူဂျာဟစ်လက်နက်ကိုင်တွေရဲ့ တောင်းဆိုချက်အရ ဒီဘင်္ဂါလီအစား ရိုဟင်ဂျာလို့ သုံးလိုက်တဲ့အတွက်ကြောင့်မို့ ဘင်္ဂါလီဘာသာစကား အသံလွှင့်ဌာနကနေပြီး ရိုဟင်ဂျာအသံလွှင့်အစီအစဉ်ဆိုပြီး ပြောင်းလဲသွားတာ ဖြစ်ပါတယ်။ အဲဒီမှာလည်း ကျွန်မတို့ တွေ့ရှိချက်အရဆိုရင် **အဲဒီအချိန် မြန်မာ့အသံမှာ တိုင်းရင်းသားဘာသာအစီအစဉ်နဲ့ နယ်ခြားဒေသ လူမျိုးစုအစီအစဉ်ဆိုပြီး နှစ်ခုကို ခွဲထားပါတယ်။ ဘင်္ဂါလီဆိုတဲ့ ရိုဟင်ဂျာအသံလွှင့်အစီအစဉ်က တိုင်းရင်းသားမဟုတ်တဲ့အတွက်ကြောင့် အဲဒီအချိန်ကတည်းကိုက နယ်ခြားဒေသ လူမျိုးစုအစီအစဉ်ဆိုပြီး ထည့်သွင်းထားတာကို ၁၉၆၁ ခုနှစ် နေ့စဉ်ထုတ်သတင်းစာတွေမှာ လေ့လာတွေ့ရှိခဲ့ရပါတယ်။**

သတင်းအဖွဲ့

## နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး ပျဉ်းမနားမြို့ သန့်ရှင်းသာယာလှပရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပျဉ်းမနား ဇန်နဝါရီ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်ဗိုလ်မှူးကြီးရဲမိုးနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာရှိ သမဝါယမအသင်းစုပိုင် ရှားရှားနေကြာစမ်းသပ်စိုက်ခင်းနှင့် မတ်ပဲစိုက်ခင်းများသို့သွားရောက်ပြီး ဆီထွက်သီးနှံနေကြာနှင့် မတ်ပဲများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုကာ လိုအပ်သည့်သွင်းအားစုများကို စနစ်တကျထည့်သွင်းပြီး ပိုးမွှားရောဂါကျရောက်မှု မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားရှိရန် တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများကို မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ခရမ်းမြို့နယ်၌ ရွေးကောက်ပွဲအပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး မဲရုံများကြည့်ရှုစစ်ဆေး

**ခရမ်း ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ဦးအောင်စောဝင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက အမှတ်(၃)ရပ်ကွက်၊ အမှတ် (၂) ရပ်ကွက်နှင့် ညောင်ပင်ကွင်းကျေးရွာတို့၌ မဲရုံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သတ်မှတ်မဲရုံများအလိုက် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး၊ မဲရုံတာဝန်ကျဝန်ထမ်းများ အဆင်ပြေစွာတာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ မဲရုံများစစ်ဆေးရာသို့ ခရမ်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

**ကိုမင်း(ခရမ်း)**



မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်းဦးဆောင်သည့် တပ်ဖွဲ့ဝင်များက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း Auto Exchange ရုံးတာဝန်ခံနှင့် ဝန်ထမ်းများအား မီးလောင်မှု၊ မီးလန့်မှုမရှိစေရေး အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးသုံးစွဲပုံအဆင့်ဆင့် လက်တွေ့သရုပ်ပြခြင်းကို ဇန်နဝါရီ ၁၇ ရက်က ဆောင်ရွက်စဉ်။

ကျော်မိုး(ပြန်/ဆက်)

*❂ ရှေ့ဖုံးမှ*

ကြံပင်တစ်သျှူး စတင်မွေးမြူရတဲ့ အချိန်ဟာဆိုရင် ဓာတ်ခွဲခန်းအတွင်း ခြောက်လမှ ရှစ်လအထိ ကြာမြင့်ပြီး အပင်သန်မာအောင် လေ့ကျင့်ခြင်းက ၄၅ ရက်ကြာလေ့ကျင့်ပြီးမှ စိုက်ခင်းအတွင်း မြေချစိုက်ပျိုးနိုင်တာဖြစ်ပါတယ်။ မျိုးအမည်ကတော့ k-95/84 နဝဒေး (၄) လို့ ခေါ်ပါတယ်။ တစ်သျှူး(Tissue) မွေးမြူတဲ့နည်းနဲ့ ထုတ်လုပ်ထားတဲ့ နဝဒေး (၄) ကြံမျိုးဟာ မူလကြံမျိုးနဲ့နှိုင်းယှဉ်ရင် သူ့ရဲ့အားသာချက်က ပင်ပွားပိုမိုအားကောင်းပြီး ပိုးမွှားရောဂါကင်းစင်တဲ့အပြင် ကြံအထွက်နှုန်းနဲ့ အရည်အသွေးကိုလည်း ကောင်းမွန်စေပါတယ်။

"ကျွန်မတို့ ပျဉ်းမနားကြံသီးနှံသုတေသနနဲ့ နည်းပညာဖွံ့ဖြိုးရေးခြံမှာ ဧရိယာ လေးဧက သတ်မှတ်ထားပြီး တစ်သျှူးပျိုးပင်ပေါင်း ၂၀၀၀၀ ကို ထည့်သွင်းစိုက်ပျိုးဖို့ လျာထားပြီးဖြစ်ပါတယ်" ဟု ခြံတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအိအိခိုင်က ပြောသည်။

ကြံသီးနှံသည် ပင်ပိုင်းမျိုးပွားသောသီးနှံ (Vegetative Propagative Crop) ဖြစ်၍ နှစ်ကြာလာပါက ပိုးမွှားရောဂါများ ဖျက်ဆီးမှုများပြားလာပြီး ကြံအထွက်နှုန်း ကျဆင်းလာတတ်သဖြင့် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သော ကြံမျိုးကောင်းမျိုးသန့်များရရှိမှုသည် ကြံအထွက်နှုန်းတိုးတက်ရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ လက်ရှိတောင်သူများ အသုံးပြုနေသောမျိုးများ၏အရည်အသွေး နိမ့်ပါးလာခြင်းတို့ကြောင့် မျိုးကောင်း မျိုးသန့်ပွားများ ထုတ်လုပ်ခြင်းကို အလေးထား ဆောင်ရွက်ရန် လိုအပ်လာကြောင်း သကြားထွက်သီးနှံဌာနခွဲမှ သိရသည်။

စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲ အောက်တွင်ရှိသော ကြံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံများမှာ နေပြည်တော်(ပျဉ်းမနား)၊ ဖြူးမြို့နယ် (ညောင်ပင်သာ)နှင့် တောင်တွင်းကြီးမြို့နယ် (ကင်းမွန်တောင်ခြံ) တို့ဖြစ်ကြောင်း သိရသည်။

ယခုအခါ မြန်မာတစ်နိုင်ငံလုံး၌ ကြံသီးနှံစိုက်ဧက စုစုပေါင်း ၄၃၀၃၆၈ ဧကရှိပြီး စိုက်ပျိုးသည့် မျိုးအမည်မှာ နဝဒေး(၄) ဖြစ်ကာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ သကြားတင်ပို့မှုပမာဏမှာ တန်ချိန် ၇၁၂၆၅ တန်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၁၀၅ သန်း ရရှိခဲ့ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**



မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာရှိ ပငဈေးအားမီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဇန်နဝါရီ ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ လျှပ်စစ်ဌာနတို့ပါဝင်သည့် မီးဘေးလုံခြုံရေးအဖွဲ့ဖြင့်ဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ထွေးနှင့် တပ်ဖွဲ့ဝင်များက အသိပညာပေးပြီး စစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်တိုင်းဒေသကြီး လှိုင်ယ်စင်တာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၇**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ပူးပေါင်းဆောင်ရွက်သည့် တတိယအကြိမ် သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၏ ကွင်းဆင်းဆေးကုသမှုအစီအစဉ်ကို ဇန်နဝါရီ ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီးသာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ ပြုလုပ်သည်။



အဆိုပါဆေးကုသမှုဆောင်ရွက်ရာတွင် သဃ်န်းကျွန်းပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာနွယ်နွယ်ဦးလှိုင် ဦးဆောင်သော အထူးကုဆရာဝန် ၈၀၊ သာကေတမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြု ၂၅ ဦးတို့က သာကေတမြို့နယ်အတွင်းရှိ ပြည်သူ ၁၀၀၀ ခန့်အား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းဆေးကုသမှုဆောင်ရွက်ရာသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင်များက ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား ကြည့်ရှုအားပေးစကားများပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

**ကျော်ဆန်းမြင့်**

# အပူပိုင်းအညာတစ်ခွင် အေးမြဖို့ စိုက်ပြီးပျိုးပင်ရေလောင်းစို့

မောင်ဂျူလိုင်

**သစ်ပင်သစ်တောများက လူသားများအပါအဝင် သက်ရှိအားလုံး ရှင်သန်ရပ်တည်နေထိုင်နိုင်ရန် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ယနေ့ကမ္ဘာတစ်ဝန်း သစ်တောသယံဇာတများကို အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း၊ မြေအသုံးချမှုပြောင်းလဲခြင်း၊ မြို့/ ရွာများ တိုးချဲ့တည်ဆောက်ခြင်း၊ တောမီးလောင်ခြင်း၊ စနစ်မကျသည့် စိုက်ပျိုးနည်းများ အသုံးပြုခြင်းတို့ကြောင့် သစ်တောသစ်ပင်များ နှစ်စဉ်ပြုန်းတီးကာ တောအဆင့်အတန်း၊ မြေအဆင့်အတန်း နိမ့်ကျလာသည့်အခြေအနေကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိပါသည်။**



ထိုသို့သစ်တောများ ပျက်စီးပြုန်းတီးလာပြီး တောအဆင့်အတန်း၊ မြေအဆင့်အတန်း နိမ့်ကျလာခြင်းတို့ကြောင့် ရာသီဥတုဖြစ်စဉ်များပြောင်းလဲပြီး မျက်မှောက်ကာလတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာပြဿနာများဖြစ်သည့် မုန်တိုင်းများကျရောက်ခြင်း၊ ရေကြီးရေလျှံခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးခေါင်ခြင်း၊ အပူအအေး လွန်ကဲခြင်း၊ မြစ်ကမ်းပါးပြိုကျခြင်း၊ တောင်များပြိုကျခြင်း စသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတွင် ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။

ထို့ပြင် ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်အဖြစ် မြေအောက်ရေများ ခန်းခြောက်လာပြီး ရေရှားပါးလာခြင်း၊ မိုးခေါင်၍ ကောက်ပဲသီးနှံများ စိုက်ပျိုးမရခြင်း၊ မြေအတန်းအစားကျဆင်း၍သီးနှံအထွက်နှုန်းကျဆင်းခြင်း၊ နိုင်ငံဖြတ်ကျော် မီးခိုးမြူငွေ့ပြဿနာများ ဖြစ်ပေါ်နေခြင်း အစရှိသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကိုပါ ကြုံတွေ့ရပြီး နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ထိခိုက်စေပါသည်။

ရှေးယခင်က မြန်မာနိုင်ငံ၏အလယ်ပိုင်းဒေသသည် သစ်တောဖုံးလွှမ်းမှုအလွန်ကောင်းမွန်ပြီး သစ်၊ ဝါး၊ ကျေးငှက်သာရကာ၊ သားရဲမျိုးစုံ ပေါကြွယ်ဝခဲ့ရာ ယခုအခါ အကြောင်းအမျိုးမျိုးဖြင့် သစ်တောသစ်ပင်များအား အလွန်အကျွံထုတ်ယူသုံးစွဲခြင်းနှင့် တားဆီးကာကွယ်မှု၊ ပြုစုထိန်းသိမ်းမှု အားနည်းခြင်းတို့ကြောင့် တောတောင်များပြုန်းတီးပြီး ပူပြင်းခြောက်သွေ့သော မိုးနည်းရေရှားရပ်ဝန်းဒေသတစ်ခုအဖြစ် တစ်စတစ်စပြောင်းလဲလာမည့် အခြေအနေများ ရင်ဆိုင်နေရပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသရှိ သစ်ပင်အများစုမှာ သဘာဝအတိုင်း မျိုးဆက်ပေါက်ရောက်နိုင်ရန် ခက်ခဲလာပြီး အပေါ်ယံမြေဆီလွှာ တိုက်စားခံရသည့်အတွက် သစ်ပင်စိုက်ပျိုးရန်ခက်ခဲသည့် အောက်ခံကျောက်သားများသာ ကျန်ရှိနေသည်ကို တွေ့မြင်ရပါသည်။

**မိုးရာသီလူထုလှုပ်ရှားမှု**
**သစ်ပင်စိုက်ပျိုးပွဲတော်**

ထို့ကြောင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့ရှိ အပူပိုင်းဒေသ ၁၃ ခရိုင်၊ မြို့နယ် ၅၉ မြို့နယ်တို့၌ ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်ကို ၂၀၂၅ ခုနှစ် မိုးဦးကာလ ဇူလိုင်လ ၁၁ ရက်နေ့က နိုင်ငံတော်အကြီးအကဲကိုယ်တိုင်တက်ရောက်ပြီး နိုင်ငံတော်အဆင့်ပွဲတော်အဖြစ် ကျင်းပဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် နိုင်ငံတော်အကြီးအကဲက ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "မိတ္ထီလာဒေသအပါအဝင် အညာဒေသ ၁၃ ခရိုင်သည် ပူပြင်းသည့်ရာသီဥတုရှိသည့် ဒေသများဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ရာသီဥတုပူပြင်းသည့်ဒဏ်ကို ခံစားကြရကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ပုဂံ၊ ချောက်၊ ရေနံချောင်း၊ မင်းဘူး စသည့်ဒေသများသည် ကမ္ဘာတွင် အပူဆုံးဒေသအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း၊ ရာသီဥတုပူပြင်းမှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်ရန်အတွက် သစ်ပင်စိုက်ပျိုးခြင်းသည် နည်းလမ်းတစ်ခုအနေဖြင့် ဖြေရှင်းဆောင်ရွက်ခြင်း ပင်ဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးခြင်းကြောင့် အပူချိန်မှာ ချက်ချင်းလက်ငင်း လျော့ပါးသွားမည် မဟုတ်သော်လည်း သစ်ရိပ်ဝါးရိပ်များ၏ အရိပ်အာဝါသရှိမည်ဆိုပါက အပူဒဏ်ကို တတ်နိုင်သမျှ လျော့ပါးစေမည်ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်သည့်မြင်ကွင်းများကို မြင်တွေ့ရခြင်းဖြင့် မျက်စိပသာဒကို ဖြစ်ပေါ်စေပြီး လူများ၏စိတ်နှလုံးကိုလည်း အေးမြစေသည့် အကျိုးကျေးဇူးကို ရရှိစေကြောင်း" ထည့်သွင်းပြောကြားခဲ့ပါသည်။

ထိုသစ်ပင်စိုက်ပျိုးပွဲတော်တွင် အပူပိုင်းဒေသ ၁၃ ခရိုင်၌ ပျိုးပင်ပေါင်း ၃၄၉၅၀ အား စိုက်ပျိုးခဲ့ရာ မိမိတို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးဧရိယာ ၁၅ ခုတွင် တမာ၊ စိန်ပန်း၊ ကုက္ကို၊ မဲဇလီ၊ ဒဟတ်၊ ရင်းမာ စသည့် သစ်ပင်ခြောက်မျိုးကို မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေး-ကံပြားသွားလမ်းဘေးနေရာ၌ အပင် ၂၇၀၀၊ ရေနံချောင်းမြို့နယ် မကွေး-ရေနံချောင်းလမ်း မိုင်တိုင် (၃၅၇/၅) အထူးစိမ်းလန်းစိုပြည်ရေးဇုန်၌ အပင် ၄၀၀၀၊ ချောက်မြို့နယ် ဝွေးချို-ချောက်လမ်းဘေး ဆင်ကကြိုးပြင်ကာကွယ်တောနေရာ၌ အပင် ၄၀၀၀၊ မြို့သစ်မြို့နယ် မကွေး-ကံပြားလမ်း မိုင်တိုင် (၃၆/၅) နေရာ၌ အပင် ၆၀၀၊ တောင်တွင်းကြီးမြို့နယ် ဆတ်သွား-ဆင်ပေါင်ဝဲ ခရိုင်ချင်းဆက်လမ်းဘေး၌ အပင် ၆၀၀၊ မင်းဘူးခရိုင် မင်းဘူးမြို့နယ် လေးပင်အိုင်မကြိုးပြင်ကာကွယ်တောအတွင်း အပင် ၁၁၅၀၊ ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာ ကျေးရွာပိုင်မြေနေရာ၌ အပင် ၃၀၀၊ ဖေါ့မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းခွဲ (မင်းလှင်)၌ အပင် ၃၀၀၊ စလင်းမြို့နယ် တည်ဘိုကန်ကြိုးပြင်ကာကွယ်တော၌ အပင် ၃၀၀၊ ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ အပင် ၆၀၀၊ ဆိပ်ဖြူမြို့နယ် ရွှေဟသာ ဘုရားသွားလမ်းဘေး၌ အပင် ၃၀၀၊ သရက်ခရိုင် မင်းလှမြို့နယ် သရက်-မင်းလှ မိုင်တိုင် (၄၄/၃) နေရာ၌ အပင် ၆၀၀၊ အောင်လံမြို့နယ် ဘွက်ကြီးရေပေါ်ကြိုးဝိုင်း အကွက်အမှတ် (၆၁) ၌ အပင် ၉၀၀၊ ဆင်ပေါင်ဝဲမြို့နယ် အောင်လံ-တောင်တွင်းကြီး မိုင်တိုင် (၂၅၅/၂) တောပုန်းကြိုးပြင်ကာကွယ်တော၌ အပင် ၆၀၀၊ ကံမမြို့နယ် ပုသိမ်-မုံရွာလမ်းဘေး မိုင်တိုင် (၁၅၁/၂ နှင့် ၁၅၁/၃) အကြား စီကျေးရွာနေရာ၌ အပင် ၆၀၀ တို့ကို စိုက်ပျိုးနိုင်ခဲ့ပါသည်။

> **"သစ်တောသစ်ပင် စိုက်ပျိုးခြင်းနှင့် ရေရှည်တည်တံ့အောင် ပြုစုထိန်းသိမ်းခြင်းသည် အနာဂတ်မျိုးဆက်သစ်များအတွက် ရေရှည်သဘာဝရင်းနှီးမြှုပ်နှံမှုဖြစ်သကဲ့သို့ နိုင်ငံ၏ ကောင်းမွန်သည့်အနာဂတ်ကို တည်ဆောက်ခြင်းလည်း ဖြစ်ပါသည်။ "နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ ခုချိန်စိုက်က နောက်မကျ၊ ဒုတိအကြိမ် အကောင်းဆုံးပ"ဟူသော ဆိုရိုးစကားနှင့်အညီ မိုးရာသီကာလ မြေဆီစိုခိုက် သစ်ပင်စိုက်ခဲ့ကြပြီးနောက် စိုက်ပျိုးပြီး စိုက်ပင်များအားလုံးကို "ရှင်အောင်စိုက်၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း" ခြင်းဖြင့် "တစ်ပင်မှ တစ်တော" ဖြစ်အောင် စွမ်းဆောင်နိုင်ရန် သစ်ပင်များ စုပေါင်းရေလောင်း ပြုစုထိန်းသိမ်းကြဖို့လည်း အထူးပင်လိုအပ်"**

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် ရာသီဥတုပြောင်းလဲမှုနှင့် မိုးခေါင်ရေရှားမှုကို သဘာဝအခြေပြု ဖြေရှင်းနည်းဖြစ်သည့် သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောများ ထိန်းသိမ်းခြင်း၊ လေကာတန်းများ စိုက်ပျိုးခြင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးနည်းစနစ်များ ကျင့်သုံးခြင်း၊ ရေအရင်းအမြစ်များ စနစ်တကျစီမံခြင်း စသည့်နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီးအနေဖြင့်လည်း တိုင်းဒေသကြီးအတွင်း ရှိပြီးသဘာဝသစ်တောသစ်ပင်များအား ထိန်းသိမ်းခြင်းဆောင်ရွက်နေသကဲ့သို့ သစ်ပင်စိုက်ပျိုးရန် မဖြစ်မနေလိုအပ်သောဒေသများတွင် သစ်တောစိုက်ခင်းများ နှစ်စဉ်တည်ထောင် စိုက်ပျိုးခဲ့ပါသည်။ ၂၀၂၅ ခုနှစ် မိုးရာသီတွင် သစ်တောစိုက်ခင်း စုစုပေါင်း ၁၃၃၁၂ ဧက ကျော်၊ သစ်ပင်ပေါင်း ၃၂၀၃၀၀၀ ကျော်ကို သစ်မျိုးပေါင်း ၄၁ မျိုးဖြင့် ထည့်သွင်းတည်ထောင် စိုက်ပျိုးနိုင်ခဲ့ပြီး ရှင်သန်အောင်မြင်မှု ကောင်းမွန်စွာဖြင့် ရေရှည်တည်တံ့စေရေးအတွက် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

စိုက်ပျိုးခဲ့သည့် သစ်တောစိုက်ခင်းများအနက် မကွေးမြို့နယ် နံကပ်ကျွန်းကျေးရွာအုပ်စုတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ကဦးဆောင်၍ ၂၈-၈-၂၀၂၅ ရက်နေ့က လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပကာ လေကာတန်းနှင့် အရိပ်ရပင်စိုက်ခင်းများကို စတင်စိုက်ပျိုးပေးခဲ့ပါသည်။ ၂၀၂၅ နှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ၂၀၂၅ ခုနှစ် မိုးရာသီအလွန် စုပေါင်းရေလောင်းပွဲတော် အခမ်းအနားကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များပါဝင်၍ စုစုပေါင်း အင်အား ၁၂၀၀ ဖြင့် တပျော်တပါး ဆင်နွှဲခဲ့ကြပါသည်။ ထိုစိုက်ခင်းတွင် ခရေ၊ မန်ကျည်း၊ သခွတ်၊ မည်စည် စသည့် ဒေသသစ်မျိုး ၁၆ မျိုး ပါဝင်သည့် လေကာတန်းစိုက်ခင်း အပင် ၂၂၅၀ ကို မိုးဦးကာလ လေပြင်းတိုက်ခတ်လေ့ရှိသည့်လမ်းကြောင်းများတွင် လေပြင်းဒဏ်ခံနိုင်ရန် ရွေးချယ်စိုက်ပျိုးထားကြောင်း သိရပါသည်။

**မိုးလွန်ကာလရေလောင်းခြင်းကို**
**အလေးထား**

အပူပိုင်းဒေသတွင် ပေါက်ရောက်လျက်ရှိသည့် အပူပိုင်းဒေသမျိုးရင်း သစ်မျိုးအများစုသည် ရေငတ်ခံပင်မျိုးစိတ်များ (Xerophytic Species) ဖြစ်သော်လည်း ရှင်သန်မှုအတွက် တစ်နှစ်လျှင် မိုးရေချိန် အနည်းဆုံး လက်မ ၃၀ ခန့် ရရှိရန်လိုအပ်ရာ မိုးလွန်ကာလဖြစ်သည့် ဒီဇင်ဘာလမှ မေလအထိ ရှည်လျားသော ခြောက်သွေ့ရာသီကို အောင်မြင်စွာ ကျော်ဖြတ်ရှင်သန်နိုင်ရေးအတွက်လည်း သစ်ပင်တစ်ပင်အား တစ်ကြိမ်လျှင် ရေငါးလီတာနှုန်းဖြင့် တစ်လလျှင် အနည်းဆုံး လေးကြိမ်ခန့် ပုံမှန်ရေလောင်းပေးနိုင်ရန် လိုအပ်ပါသည်။ သစ်ပင်စိုက်ပျိုးပြီး ပထမနှစ်၏ ခြောက်သွေ့ကာလကို ကျော်လွန်နိုင်မှသာ သစ်ပင်များရှင်သန်မှုသေချာသည့်အတွက် မိုးလွန်ကာလရေလောင်းခြင်းလုပ်ငန်းကို အထူးအလေးထား၍ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန်မှာ အရေးကြီးသည့်အချက်ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

# မရမ်းကုန်းမြို့နယ်၌ EV CHARGING STATION ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

Sandisolar Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်သော မြန်မာနိုင်ငံ၏ ပထမဆုံး နေရောင်ခြည်စွမ်းအင်သုံး EV CHARGING STATION ဖွင့်ပွဲကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၆)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းနှင့် ရွှေရတနာလမ်းထောင့်ရှိ ဓာတ်အားဖြည့်သွင်းရုံ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲ/ အသုံးပြုရေးနှင့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့်နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲ/ အသုံးပြုရေးနှင့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျတို့က အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ငွေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး



တိုင်းဒေသကြီး ဝန်ကြီးချုပ် **(အပေါ်ပုံ)**နှင့် တာဝန်ရှိသူများက EV ကားများ Solar ဖြင့် အားသွင်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကြည့်ရှုအားပေး

**မော်လမြိုင် ဇန်နဝါရီ ၁၇**

မွန်ပြည်နယ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော အခြေခံပညာ စာသင်ကျောင်းများအား ဖော်ဆောင်၍ ကျောင်းသူ၊ ကျောင်းသားများ စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း



ကျောင်းဝင်းအတွင်းနှင့် ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်များ၊ မြက်များ၊ အမှိုက်များအား ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေး ဝိုင်းဝန်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က အခြေခံပညာ စာသင်ကျောင်းများ သန့်ရှင်း၍ စိမ်းလန်းစိုပြည်စေရေး အလေးထား ဆောင်ရွက်ပေးကြရန် မှာကြားပြီး ကျောင်းအင်္ဂါရပ်နှင့် ကိုက်ညီမှုရှိစေရေး၊ ဥပတိရုပ်ကောင်းမွန်စေရေးနှင့် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်၍ သန့်ရှင်းသာယာမှု ရှိစေရေးအတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်ပညာရေးမှူးရုံး၏ ဘက်စုံအားကစားခန်းမသို့ သွားရောက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများ၏ အားကစားပြိုင်ပွဲများ ပြုလုပ်ပေးနိုင်ရေး၊ သန့်ရှင်းသပ်ရပ်မှု ရှိစေရေး၊ လူငယ်များ စိတ်ချမ်းမြေ့စွာ ကစားနိုင်စေရေးတို့အတွက် ပုံမှန်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားပြီး ဘက်စုံအားကစားခန်းမ ဘေးပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များအား စွမ်းရည်မြှင့်သင်တန်းပေး



**ရန်ကုန် ဇန်နဝါရီ ၁၇**

အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမျိုးသားလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အမှာစကား ပြောကြားပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စည်းကြပ်သည့် ဥပဒေများနှင့် နည်းဥပဒေများ၊ လူမှုဖူလုံရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက လူမှုဖူလုံရေး ဥပဒေပါ အာမခံစနစ်များ၊ ထည့်ဝင်ကြေးနှုန်းထားများ ငွေကြေးအကျိုးခံစားခွင့်များ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းသူက အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စည်းကြပ်သည့် ဥပဒေများနှင့် နည်းဥပဒေများ၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဇင်ကေသွယ်က ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများ၊ အငြင်းပွားမှု ဖြေရှင်းခြင်းနည်းလမ်းများ ရှင်းလင်းဆွေးနွေး သင်ကြားပို့ချကာ လက်တွေ့အငြင်းပွားမှု ဖြေရှင်းခြင်းကို သင်တန်းသားဖြင့် ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါသင်တန်းသို့ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီ (WCC) အဖွဲ့ဝင်သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

*စာမျက်နှာ ၁၀ မှ*

အပူပိုင်းဒေသတွင် သစ်ပင်များကို မိရိုးဖလာ သာမန်ရေလောင်းရုံမျှနှင့် ရှင်သန်စေဖို့ မသေချာပါ။ လောင်းသည့်ရေအများစုသည် အပူချိန်ပြင်းထန်၍ ရေငွေ့ပြန်ဆုံးရှုံးခြင်း၊ မလိုအပ်သောနေရာများသို့ ရေများစီးထွက်၍ ဆုံးရှုံးခြင်း၊ စိုက်ပင်၏ အမြစ်ဇုန်နေရာသို့ အလွယ်တကူ မစိမ့်ဝင်နိုင်ခြင်း စသည့်အချက်များကြောင့် ရေလေလွင့်ဆုံးရှုံးမှုများပြားသကဲ့သို့ အပေါ်ယံမြေသားကို သိပ်သည်းစေခြင်း၊ တိုက်စားစေခြင်း၊ အခန့်မသင့်ပါက မြေမျက်နှာပြင်တွင် ဆားပေါက်နိုင်ခြင်း၊ မလိုအပ်သည့် ပေါင်းမြက်များ ပေါက်ရောက်စေခြင်း စသည့် အားနည်းချက်များပါ တွေ့ရှိနေရပါသည်။

သို့ဖြစ်ရာ လောင်းသည့်ရေအားလုံး သစ်ပင်အတွက် အထိရောက်ဆုံးဖြစ်စေရန် ကမ္ဘာပေါ်ရှိ အပူပိုင်းဒေသနိုင်ငံအများစုတွင် ကျင့်သုံးနေသော ရေလောင်းနည်းစနစ်များရှိသည့်အနက် ရေစိမ့်အိုးမြှုပ်၍ ရေလောင်းခြင်းစနစ် (Pitcher Watering System)၊ အစက်ချရေလောင်းခြင်းစနစ် (Drip Watering System)၊ အမြစ်ဇုန်ရေလောင်းခြင်းစနစ် (Root Zone Watering System) စသည့် နည်းစနစ်များမှာ လူသိများပြီး တွင်ကျယ်စွာ အသုံးပြုနေကြပါသည်။

ယခုကျင်းပခဲ့သည့် မကွေးတိုင်းဒေသကြီး မိုးလွန်ကာလ စုပေါင်းသစ်ပင်ရေလောင်းပွဲတော်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက အဆိုပါနည်းစနစ်သုံးခုအား နမူနာပြကွက် သုံးကွက်ဖြင့် ပြသခြင်း၊ စိုက်ပင်များအား မြေအစိုဓာတ်ထိန်းသိမ်းသည့်နည်းစနစ် (Mulching) ပြုလုပ်နည်းများ ပြသခြင်း၊ ရေလောင်းစနစ်အလိုက် အားသာချက်များ၊ အသုံးဝင်မှုများကို လက်တွေ့ရှင်းလင်း ပြသခြင်းများ ဆောင်ရွက်ပေးခဲ့ရာ သစ်ပင်စိုက်ပျိုးခြင်းကို စိတ်ပါဝင်စားသူများအတွက် များစွာ အထောက်အကူဖြစ်ခဲ့ပြီး လက်တွေ့စိုက်ပျိုးလာကြပါက **“တစ်ပင်စိုက်လျှင် တစ်ပင်ရှင်”** စေမည်ဖြစ်ပြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးကို အထောက်အကူဖြစ်စေသည်မှာ အသေအချာပင် ဖြစ်ပါသည်။

သစ်တောသစ်ပင် စိုက်ပျိုးခြင်းနှင့် ရေရှည်တည်တံ့အောင် ပြုစုထိန်းသိမ်းခြင်းသည် အနာဂတ်မျိုးဆက်သစ်များအတွက် ရေရှည်သဘာဝရင်းနှီးမြှုပ်နှံမှုဖြစ်သကဲ့သို့ နိုင်ငံ၏ကောင်းမွန်သည့် အနာဂတ်ကို တည်ဆောက်ခြင်းလည်း ဖြစ်ပါသည်။ **“နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ ခုချိန်စိုက်က နောက်မကျ၊ ဒုတိအကြိမ်အကောင်းဆုံးပ”** ဟူသော ဆိုရိုးစကားနှင့်အညီ မိုးရာသီကာလ မြေဆီစိုခိုက် သစ်ပင်စိုက်ခဲ့ကြပြီးနောက် စိုက်ပျိုးပြီး စိုက်ပင်များအားလုံးကို **“ရှင်အောင်စိုက်၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း”** ခြင်းဖြင့် **“တစ်ပင်မှ တစ်တော”** ဖြစ်အောင် စွမ်းဆောင်နိုင်ရန် သစ်ပင်များ စုပေါင်းရေလောင်း ပြုစုထိန်းသိမ်းကြဖို့လည်း အထူးပင်လိုအပ်ပါသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်တောသစ်ပင် စိုက်ပျိုးခြင်းလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ အသိအမြင်များ၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ၊ အရေးတကြီးလိုအပ်လျက်ရှိသည့်အတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များသာမက ယခုကဲ့သို့ စုပေါင်းသစ်ပင်ရေလောင်းပွဲတော်များကိုပါ စဉ်ဆက်မပြတ် ကျင်းပပေးနိုင်မည်ဆိုပါက အပူပိုင်းဒေသအညာမြေတစ်ခွင်ကို ပိုမိုစိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်းနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဆောင်ပုဒ်ဖြစ်သည့် **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့”** ဟူသော ဆောင်ပုဒ်နှင့်အညီ သဘာဝပတ်ဝန်းကျင်ကောင်းများကို အစဉ်ထိန်းသိမ်းစောင့်ရှောက်နိုင်မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဟုမ္မလင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု လိုက်လံကြည့်ရှု

**မုံရွာ ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဟုမ္မလင်းခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့နယ် နားသကျိုက်ကျေးရွာအနီးရှိ နမ့်ပငချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် နမ့်ပင အသေးစားရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက ဟုမ္မလင်းမြို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းတာမောင်ကျေးရွာအနီးရှိ ၆၆ ကေဗွီ တာဝါဒီဇိုင်းဖြင့် ၃၃ ကေဗွီ "နမ့်ပင"-ဟုမ္မလင်း ဓာတ်အားလိုင်း မြစ်ကျော်တာဝါတိုင် အမှတ် - ၂၈၂ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုသည်။



ဦးစွာ မြစ်ကျော်တာဝါတိုင်တည်ဆောက်ရေး အင်ဂျင်နီယာက တာဝါတိုင်တည်ဆောက်နေမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလတွင် စံချိန်စံညွှန်းမီစွာဖြင့် အရည်အသွေးကောင်းမွန်စွာ တည်ဆောက်ပြီးစီးရေးတို့ကို မှာကြားကာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုသည်။

ထို့နောက် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ မြစ်ကျော်တာဝါတိုင် အမှတ် - ၂၈၁ နှင့် အမှတ် - ၅၆ တာဝါတိုင်များ တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုကြပြီး တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ ချင်းတွင်းမြစ်ကမ်းဘေးရှိ မြေနုကျွန်းပေါ်တွင် တောင်သူ ၄၅ ဦး စိုက်ပျိုးထားရှိသည့် ဆောင်းမြေပဲ ဧက ၇၀ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ရွက်ဖျန်းမြေဩဇာသုံးစွဲခြင်း ကွင်းသရုပ်ပြသပွဲသို့ တက်ရောက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများနှင့်အတူ ဆောင်းမြေပဲပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ရွက်ဖျန်းမြေဩဇာသုံးစွဲခြင်း ကွင်းသရုပ်ပြသနေမှုများကို ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများအား မြေပဲမျိုးစေ့များ ပေးအပ်သည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်ကြီးရပ်ကွက်အတွင်း၌ အမရပူရမြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်မျိုးထက် ဦးဆောင်၍ သန္နမီးသတ်တပ်ဖွဲ့ဝင်များ တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဇန်နဝါရီ ၁၇ ရက်က ဆောင်ရွက်စဉ်။

မြို့နယ် (ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁) စည်ပင်သာယာ မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ဇန်နဝါရီ ၁၇ ရက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့်သန္နမီးသတ်တပ်ဖွဲ့ဝင်များ လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းဆောင်ရွက်နေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

ဘာမီသာ(ပခုက္ကူ)





မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁) ရပ်ကွက်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၁၇ ရက်က ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးညွန့်ဝင်းအောင်နှင့် သန္နမီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြစဉ်။

မြို့နယ်ပြန်/ဆက်)

*✳ ကျောဖုံးမှ*

နိုင်ငံပေါင်း ၁၀ နိုင်ငံတို့မှ အားကစားအဖွဲ့ ခေါင်းဆောင်ကိုယ်စားလှယ်များက အမှတ်တရလက်ဆောင်ပစ္စည်းများ လဲလှယ်ခြင်းနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် မြန်မာနိုင်ငံမှ ဖိတ်ကြားခံပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ခေါင်းဆောင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မောင်လှိုင်နှင့် အားကစားသမားများ တက်ရောက်သည်။

မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ နာခွန်ရာချာဆီးမား (ခိုရတ်)မြို့ Kantary Hotel Korat ၌ တည်းခိုနေထိုင်လျက်ရှိသော မြန်မာမသန်စွမ်း ဘိုစီယာအသင်းမှ အုပ်ချုပ် / နည်းပြ အားကစားသမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီးနောက် Rajmangala University of Technology ရှိ ဘောလုံးလေ့ကျင့်ရေးကွင်းတွင် လေ့ကျင့်နေသော မြန်မာမသန်စွမ်း ခုနစ်ယောက်တစ်ဖက် ဘောလုံးအသင်း၏ အသင်းလိုက်လေ့ကျင့်နေမှုများကို လည်းကောင်း၊ Majesty the King’s 80th Birthday Anniversary Commemorative Stadium အတွင်းရှိ ဘော်လီဘောရုံတွင် လေ့ကျင့်လျက်ရှိသော မြန်မာမသန်စွမ်း ထိုင်လျက်ဘော်လီဘောအသင်း၏ အသင်းလိုက် လေ့ကျင့်နေမှုများကို လည်းကောင်း လိုက်လံကြည့်ရှုအားပေးပြီး မိမိတို့လေ့ကျင့်ထားသည့်အတိုင်း ပြိုင်ပွဲတွင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ စိတ်ဓာတ်တို့ဖြင့် အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်သွားကြရန်၊ မျှော်မှန်းထားသည့်အတိုင်း အောင်မြင်မှု ဆုတံဆိပ်များကို ဆွတ်ခူးရယူပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ကြသူများဖြစ်အောင် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် Majesty the King’s 80th Birthday Anniversary Commemorative Stadium အတွင်းရှိ ရေကူးကန်တွင် မြန်မာနိုင်ငံ မသန်စွမ်းရေကူးအားကစားသမားများ၏ဆေးအဆင့်သတ်မှတ်စစ်ဆေးနေမှုများကို လေ့လာကြည့်ရှုခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ ခေါင်းဆောင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မောင်လှိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ ဆေးမှူးချုပ် ဒေါက်တာကျော်စိုးတို့က Suranaree University of Technology တွင် ဖွင့်လှစ်ထားသည့် Sports Village အတွင်းရှိ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့များ၏ တည်းခိုနေထိုင်စားသောက်မှု၊ ကျန်းမာရေးအခြေအနေများနှင့် အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုမေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*❍ ကျောဖုံးမှ*

အလားတူ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာအုပ်စု ထီတလိကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၆၂ ဧကခန့်အား လည်းကောင်း။

အလားတူ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ် နားခိုက်ကျေးရွာအုပ်စု ပင်အွန်းကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၇ ဧကခန့်အား လည်းကောင်း။

အလားတူ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ် စံဖူးကျေးရွာအုပ်စု ကျောက္ကချားကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၇ ဧကခန့်အားလည်းကောင်း။

အလားတူ ကွန်ဟိန်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ကွန်ဟိန်းမြို့နယ် ဝမ်ပက်ကျေးရွာအုပ်စု လွယ်ဆိုင်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၃ ဧက ခန့်အားလည်းကောင်း။

ထို့အတူ မိုင်းဆတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က မိုင်းဆတ်မြို့နယ် မိုင်းတွမ်းတောင်ပေါ်ကျေးရွာအုပ်စု ခကြားတိုကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၃ ဧကခန့်အား လည်းကောင်း အသီးသီးဖျက်ဆီးရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

*❖ ကျောဖုံးမှ*

ရင်ဆိုင်လာခဲ့သည်။ မန်စီးတီးအသင်းကလည်း အားထားရသော ဟာလန်း၊ ဖိုဒင်၊ ဆီမန်ညိုစသည့် ကစားသမားအများစုဖြင့် မန်ယူအသင်းကို ရင်ဆိုင်ခဲ့သည်။

မန်ယူအသင်းသည် ဘောလုံးပိုင်ဆိုင်မှုပိုင်းတွင် အသာမရခဲ့သော်လည်း ဂိုးပြတ်နိုင်ပွဲ ဖော်ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။ မန်ယူအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၆ မိနစ်နှင့် ၇၆ မိနစ်တွင် အမ်ဘူမိုနှင့် ဒေါ်ကူတို့က သွင်းယူပေးခဲ့သည်။ အဆိုပါပွဲစဉ်မှာ မန်ယူအသင်းကွင်းလယ်ကစားသမားဟောင်း မိုက်ကယ်ကာရစ် ယာယီနည်းပြအဖြစ် ဒုတိယအကြိမ်မြောက် တာဝန်ယူသည့် ပထမဆုံးပွဲစဉ်တွင် ဂိုးပြတ်နိုင်ပွဲ ဖော်ဆောင်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

မန်ယူအသင်းသည် ယခုပွဲစဉ်နိုင်ပွဲရရှိခဲ့သည့်အတွက် ပရီမီယာလိဂ် ၂၂ ပွဲတွင် နိုင်ပွဲ ကိုးပွဲနှင့်အတူ ရမှတ် ၃၅ မှတ်ဖြင့် အမှတ်ပေးဇယားအထက်ပိုင်း တက်လှမ်းနိုင်ခဲ့သည်။ ပြိုင်ဘက်မန်စီးတီးအသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ၂၂ ပွဲကစားပြီး ရှုံးပွဲ ငါးပွဲရှိလာပြီ ဖြစ်သည်။ **အောင်ဇော်**

**မူးယစ်ဆန့်ကျင်**
**အောင်ပွဲဝင်၊**
**ရှောင်လေဝေးဝေး**
**မူးယစ်ဆေး**

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | | | ၂၀၁၉၇ | ၃၃၃၂ | ၃၃၅၂၉ | |
| | | ဦးရန်ခိုဖုန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၄၇၀ | ၂၂၉၇ | ၁၄၇၆၇ | ၄၄.၀၄% |
| | | ဦးဂျေယောဝူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၁၉၃ | ၆၉၀ | ၁၁၈၈၃ | ၃၅.၄၄% |
| | | ဒေါက်တာခင်စောနွဲ့ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၅၆၆ | ၁၃၇ | ၃၇၀၃ | ၁၁.၀၅% |
| | | ဦးဇုန်းယိန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၃၀ | ၁၀၄ | ၁၆၃၄ | ၄.၈၇% |
| | | ဦးဆန်းဦး | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၁၄၃၈ | ၁၀၄ | ၁၅၄၂ | ၄.၆၀% |
| ၂ | မဲဆန္ဒနယ်အမှတ်(၅) | | | ၁၉၃၂၁ | ၁၉၄၈ | ၂၁၂၆၉ | |
| | | ဒေါ်ဒွဲဘူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၆၁၁ | ၉၅၅ | ၇၅၆၆ | ၃၅.၅၇% |
| | | ဦးခေါတိန့် | ဒီမိုကရေစီပါတီသစ်(ကချင်) | ၄၁၉၇ | ၃၃၀ | ၄၅၂၇ | ၂၁.၂၉% |
| | | ဦးတင်ထွန်းအောင် | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၄၃ | ၁၁၈ | ၃၁၆၁ | ၁၄.၈၆% |
| | | ဦးငွါးဆီး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၅၆၅ | ၁၇၀ | ၂၇၃၅ | ၁၂.၈၆% |
| | | ဦးဒေါင်ဟောင်း | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၆၂၈ | ၈၆ | ၁၇၁၄ | ၈.၀၆% |
| | | ဦးဇော်အောင်ဆန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၃၃ | ၅၀ | ၉၈၃ | ၄.၆၂% |
| | | ဦးနော့ရဲ့ဒီး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၄၄ | ၃၉ | ၅၈၃ | ၂.၇၄% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၆၉၈၆၉ / ၂ = ၃၄၉၃၅

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၆၉၈၆၉ | | | ၂ | ၂ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၉၉၇၈ | - | ၂၉၉၇၈ | ၁ | ၁ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၇၂၂ | - | ၁၆၇၂၂ | ၁ | ၁ | |
| | | ၃။ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၃၃၆ | - | ၉၃၃၆ | - | - | |
| | | ၄။ | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၈၄၂၁ | - | ၈၄၂၁ | - | - | |
| | | ၅။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၁၁၅ | - | ၃၁၁၅ | - | - | |
| | | ၆။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၇၁၄ | - | ၁၇၁၄ | - | - | |
| | | ၇။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၈၃ | - | ၅၈၃ | - | - | |

ရှင်းလင်းချက် ။ (၁) ၉-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ကချင်ပြည်နယ်အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ် အမှတ် (၄) နှင့် ၁၇-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၆/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒနယ်အမှတ်(၁)၊ (၅)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှု စာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကယားပြည်နယ် | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၃) | | | ၉၂၆ | ၁၁၁၁ | ၂၀၃၇ | |
| | | ဦးမြင့်သိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၁၅ | ၇၇၃ | ၁၃၈၈ | ၆၈.၁၄% |
| | | ဦးဝင်းအောင် | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၃၆ | ၁၄၂ | ၂၇၈ | ၁၃.၆၅% |
| | | ဦးစောသန်းနိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၂ | ၁၁၇ | ၂၀၉ | ၁၀.၂၆% |
| | | ဦးကျော်မြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၃ | ၇၉ | ၁၆၂ | ၇.၉၅% |
| ၂ | မဲဆန္ဒနယ်အမှတ်(၄) | | | ၂၉၅ | ၇၅၃ | ၁၀၄၈ | |
| | | ဦးဆူရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၇ | ၇၂၉ | ၉၇၆ | ၉၃.၁၃% |
| | | ဦးဖြိုးလွင်အောင် | ကယားပြည်နယ်ပြည်သူ့ပါတီ | ၂၂ | ၁၆ | ၃၈ | ၃.၆၃% |
| | | ဦးစောမင်းသန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၆ | ၈ | ၃၄ | ၃.၂၄% |

စာမျက်နှာ ၁၄ သို့

စာမျက်နှာ ၁၃ မှ

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၆၈၉၂ / ၆ = ၆၁၄၈

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ကယားပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၃၆၈၉၂ | ၄ | | ၂ | ၆ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၄၆၃ | ၃ | ၁၉ | - | ၃ | |
| | | ၂။ | ကယားပြည်နယ်ပြည်သူ့ပါတီ | ၈၀၇၆ | ၁ | ၁၉၂၈ | | ၁ | |
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၃၉၉ | - | ၅၃၉၉ | ၁ | ၁ | |
| | | ၄။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၉၁၄ | - | ၄၉၁၄ | ၁ | ၁ | |

ရှင်းလင်းချက် ။ ( ၁ ) ၉-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ကယားပြည်နယ်အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ် (၁)၊ (၂) နှင့် ၁၇-၁-၂၀၂၆ ရက်စွဲပါကြေညာချက် (၁၆/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒနယ်အမှတ်(၃)၊ (၄)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှု စာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကရင်ပြည်နယ် | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၃) | | | ၄၂၂၉၂ | ၄၂၂၂ | ၄၆၅၁၄ | |
| | | စောသိန်းလွင် | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၂၀၉၆၅ | ၁၁၂၉ | ၂၂၀၉၄ | ၄၇.၅၀% |
| | | ဦးမင်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၃၆၈ | ၂၂၈၉ | ၁၂၆၅၇ | ၂၇.၂၁% |
| | | စောကျော်ရွှေ | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၈၈၈၈ | ၇၁၆ | ၉၆၀၄ | ၂၀.၆၅% |
| | | ဦးအေးမောင်မောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၀၇၁ | ၈၈ | ၂၁၅၉ | ၄.၆၄% |
| ၂ | မဲဆန္ဒနယ်အမှတ်(၆) | | | ၅၀၉၆ | ၃၇၇၅ | ၈၈၇၁ | |
| | | ဦးခင်ဇော်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၂၇၈ | ၃၁၆၈ | ၆၄၄၆ | ၇၂.၆၆% |
| | | စောဂျေအောင်းမြင့် | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၇၀၅ | ၃၈၅ | ၁၀၉၀ | ၁၂.၂၉% |
| | | နန်းစောမာလာ | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၅၁၉ | ၁၄၆ | ၆၆၅ | ၇.၅၀% |
| | | ဦးသန်းမြင့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၉၁ | ၆၂ | ၄၅၃ | ၅.၁၁% |
| | | ခွန်နေမျိုးသူ | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၂၀၃ | ၁၄ | ၂၁၇ | ၂.၄၄% |
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၃ | မဲဆန္ဒနယ်အမှတ်(၂) | | | ၇၁၁၄၃ | ၆၈၇၈ | ၇၈၀၂၁ | |
| | | ဦးအောင်ချစ်လွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀၄၁၆ | ၅၂၇၀ | ၃၅၆၈၆ | ၄၅.၇၄% |
| | | ဦးစိုင်းလှိုင်ငြိမ်း | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၂၁၅၃၅ | ၉၃၅ | ၂၂၄၇၀ | ၂၈.၈၀% |
| | | ဒေါ်မင်းမင်းအေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၆၃၄ | ၅၄၁ | ၁၅၁၇၅ | ၁၉.၄၅% |
| | | ဒေါ်နန်းတင်မော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၅၅၈ | ၁၃၂ | ၄၆၉၀ | ၆.၀၁% |
| ၄ | မဲဆန္ဒနယ်အမှတ်(၄) | | | ၁၂၃၇၀၄ | ၁၁၅၉၁ | ၁၃၅၂၉၅ | |
| | | ဦးဝင်းတင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၈၆၉၈ | ၉၆၀၆ | ၅၈၃၀၄ | ၄၃.၁၀% |
| | | ဦးစောလှဘုန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၉၇၂၄ | ၇၅၉ | ၃၀၄၈၃ | ၂၂.၅၃% |
| | | ဦးစိုးလင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆၆၇၄ | ၅၆၇ | ၁၇၂၄၁ | ၁၂.၇၄% |
| | | ဦးအောင်ဇော်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၅၄၈၇ | ၃၄၃ | ၁၅၈၃၀ | ၁၁.၇၀% |
| | | ဦးဝင်းမြတ် | ပြည်သူ့ပါတီ | ၁၃၁၂၁ | ၃၁၆ | ၁၃၄၃၇ | ၉.၉၃% |
| ၅ | မဲဆန္ဒနယ်အမှတ်(၅) | | | ၁၂၆၃၉ | ၂၇၅၃ | ၁၅၃၉၂ | |
| | | ဦးမြတ်မျိုးညွန့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၆၆၉ | ၂၃၈၄ | ၈၀၅၃ | ၅၂.၃၂% |
| | | ဦးမိုးထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၅၆၂ | ၂၆၄ | ၃၈၂၆ | ၂၄.၈၆% |
| | | ဦးရန်ပိုင် | ပြည်သူ့ပါတီ | ၃၄၀၈ | ၁၀၅ | ၃၅၁၃ | ၂၂.၈၂% |
| ၆ | မဲဆန္ဒနယ်အမှတ်(၆) | | | ၅၀၁၉၃ | ၆၁၄၇ | ၅၆၃၄၀ | |
| | | ဦးခင်မောင်အေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၀၄၇ | ၅၄၂၃ | ၃၈၄၇၀ | ၆၈.၂၈% |
| | | ဦးမြင့်ဌေး | ပြည်သူ့ပါတီ | ၇၈၀၆ | ၃၄၉ | ၈၁၅၅ | ၁၄.၄၈% |
| | | ဒေါ်ဌေးဌေးလွင် | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၆၂၃၇ | ၂၂၅ | ၆၄၆၂ | ၁၁.၄၇% |
| | | ဒေါ်သန်းတင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၁၀၃ | ၁၅၀ | ၃၂၅၃ | ၅.၇၇% |

စာမျက်နှာ ၁၅ သို့

*စာမျက်နှာ ၁၄ မှ*

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၂၀၇၀၂၇ / ၄ = ၅၁၇၅၆

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၂၀၇၀၂၇ | ၂ | | ၂ | ၄ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၄၈၂၇ | ၂ | ၁၃၁၅ | - | ၂ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၀၄၈၃ | | ၃၀၄၈၃ | ၁ | ၁ | |
| | | ၃။ | ပြည်သူ့ပါတီ | ၂၅၁၀၅ | - | ၂၅၁၀၅ | ၁ | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၄၃၂၀ | - | ၂၄၃၂၀ | | - | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၅၈၃၀ | - | ၁၅၈၃၀ | - | - | |
| | | ၆။ | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၆၄၆၂ | - | ၆၄၆၂ | - | - | |

ရှင်းလင်းချက် ။ (၁) ၁၇-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၆/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ် (၄)၊ (၅)နှင့် (၆) တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၆) | | | ၅၃၅၁၀ | ၄၆၆၁ | ၅၈၁၇၁ | |
| | | ဦးငွေထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၇၂၇၉ | ၄၀၀၇ | ၃၁၂၈၆ | ၅၃.၇၈% |
| | | ဦးညီညီဇော် | ပြည်သူ့ပါတီ | ၁၅၀၂၃ | ၃၂၄ | ၁၅၃၄၇ | ၂၆.၃၈% |
| | | ဦးလှကြွယ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၇၈၁ | ၂၃၈ | ၉၀၁၉ | ၁၅.၅၁% |
| | | ဦးသန့်ဇင်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၄၂၇ | ၉၂ | ၂၅၁၉ | ၄.၃၃% |
| | ပဲခူးတိုင်းဒေသကြီး | | | | | | |
| ၂ | မဲဆန္ဒနယ်အမှတ်(၅) | | | ၂၀၄၂၅၄ | ၅၂၈၃၈ | ၂၅၇၀၉၂ | |
| | | ဒေါ်ခင်ရွှေမြင့်(ခ)ဒေါ်နှောင်းထွေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၉၆၇၇ | ၃၉၃၄၂ | ၁၁၉၀၁၉ | ၄၆.၂၉% |
| | | ဦးဝင်းဝင်းထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၂၈၈၂ | ၄၆၇၅ | ၃၇၅၅၇ | ၁၄.၆၁% |
| | | ဦးမျိုးမြင့်အောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၅၁၆၉ | ၂၇၄၆ | ၂၇၉၁၅ | ၁၀.၈၆% |
| | | ဦးကိုကို | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | ၁၈၇၉၅ | ၁၉၆၆ | ၂၀၇၆၁ | ၈.၀၈% |
| | | ဦးဇေယျာဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၇၅၂၉ | ၁၂၅၇ | ၁၈၇၈၆ | ၇.၃၁% |
| | | ဒေါ်အေးအေးသန်း | ပြည်သူ့ပါတီ | ၁၅၉၉၆ | ၁၂၃၈ | ၁၇၂၃၄ | ၆.၇၀% |
| | | ဒေါ်အေးအေးသက် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၁၄၂၀၆ | ၁၆၁၄ | ၁၅၈၂၀ | ၆.၁၅% |
| | မကွေးတိုင်းဒေသကြီး | | | | | | |
| ၃ | မဲဆန္ဒနယ်အမှတ်(၂) | | | ၂၀၀၉၉၁ | ၁၈၈၀၆ | ၂၁၉၇၉၇ | |
| | | ဦးတင်မျိုးဇော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၀၂၃၇ | ၁၃၀၂၃ | ၉၃၂၆၀ | ၄၂.၄၃% |
| | | ဦးအောင်မိ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၂၅၄၂ | ၃၀၅၉ | ၅၅၆၀၁ | ၂၅.၃၀% |
| | | ဦးဇော်ခိုင် | ပြည်သူ့ပါတီ | ၄၂၄၁၁ | ၁၇၃၆ | ၄၄၁၄၇ | ၂၀.၀၈% |
| | | ဦးမျိုးကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၅၈၀၁ | ၉၈၈ | ၂၆၇၈၉ | ၁၂.၁၉% |
| ၄ | မဲဆန္ဒနယ်အမှတ်(၃) | | | ၁၈၀၅၅၂ | ၁၃၇၄၉ | ၁၉၄၃၀၁ | |
| | | ဦးအောင်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၉၇၈၁ | ၉၉၈၇ | ၇၉၇၆၈ | ၄၀.၈၅% |
| | | ဒေါ်ခိုင်နွယ်စိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၅၈၄၁ | ၂၁၂၂ | ၆၇၉၆၃ | ၃၄.၈၀% |
| | | ဦးဝင်းအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၆၀၉၇ | ၉၄၂ | ၂၇၀၃၉ | ၁၃.၈၄% |
| | | ဦးတင်ဝေမြင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၉၈၃၃ | ၆၉၈ | ၂၀၅၃၁ | ၁၀.၅၁% |
| ၅ | မဲဆန္ဒနယ်အမှတ်(၄) | | | ၁၆၁၈၃၃ | ၁၃၂၆၄ | ၁၇၅၀၉၇ | |
| | | ဦးစိန်ရွှေမင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၁၇၅၇ | ၉၄၄၂ | ၈၁၁၉၉ | ၄၆.၃၇% |
| | | ဦးထွန်းကျော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၅၆၄၈ | ၂၁၁၆ | ၄၇၇၆၄ | ၂၇.၂၈% |
| | | ဦးတင်အောင်ထွန်း | တစ်သီးပုဂ္ဂလ | ၁၆၇၉၈ | ၅၇၄ | ၁၇၃၇၂ | ၉.၉၂% |
| | | ဦးကျော်ထူး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၅၅၆၂ | ၃၉၂ | ၁၅၉၅၄ | ၉.၁၁% |
| | | ဦးသန်းစိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၀၆၈ | ၇၄၀ | ၁၂၈၀၈ | ၇.၃၂% |

*စာမျက်နှာ ၁၆ သို့*

စာမျက်နှာ ၁၅ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | မဲဆန္ဒနယ်အမှတ်(၅) | | | ၆၇၈၂၈ | ၁၂၉၆၁ | ၈၀၇၈၉ | |
| | | ဦးအောင်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၇၂၉ | ၁၀၈၀၅ | ၃၇၅၃၄ | ၄၆.၄၆% |
| | | ဦးစိုးမိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၃၃၈ | ၈၄၇ | ၁၈၁၈၅ | ၂၂.၅၁% |
| | | ဦးအောင်သူရ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၀၄၆ | ၁၉၈ | ၉၂၄၄ | ၁၁.၄၄% |
| | | ဦးချစ်ဇော်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၀၈၁ | ၅၀၆ | ၈၅၈၇ | ၁၀.၆၃% |
| | | ဦးသိန်းကိုကို | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၆၃၄ | ၆၀၅ | ၇၂၃၉ | ၈.၉၆% |
| ၇ | မဲဆန္ဒနယ်အမှတ်(၆) | | | ၈၈၁၃၄ | ၇၉၁၂ | ၉၆၀၄၆ | |
| | | ဦးခင်မောင်သန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၄၇၆၄ | ၆၀၁၂ | ၅၀၇၇၆ | ၅၂.၈၆% |
| | | ဦးလှကြိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၃၃၈၄ | ၁၉၀၀ | ၄၅၂၈၄ | ၄၇.၁၄% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၂၃၈၅၁၄ / ၃ = ၇၉၅၀၄

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | မကွေးတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၂၃၈၅၁၄ | ၁ | | ၂ | ၃ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၈၇၃၃ | ၁ | ၃၉၂၂၉ | ၁ | ၂ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၅၉၄၉ | - | ၆၅၉၄၉ | ၁ | ၁ | |
| | | ၃။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၅၁၉၈ | - | ၂၅၁၉၈ | - | - | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၁၃၉၅ | - | ၂၁၃၉၅ | - | - | |
| | | ၅။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုး တိုးတက်ရေးပါတီ | ၇၂၃၉ | - | ၇၂၃၉ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ၁၇-၁-၂၀၂၆ ရက်စွဲပါကြေညာချက် (၁၆/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ် (၄)နှင့် (၅) တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂) နိုင်ငံရေးပါတီများ၏ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၅၆၃၀၄၂ / ၃ = ၁၈၇၆၈၀

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | မကွေးတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၅၆၃၀၄၂ | ၁ | | ၂ | ၃ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၇၅၃၆ | ၁ | ၅၉၈၅၆ | ၁ | ၂ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၀၇၄၂ | - | ၁၈၀၇၄၂ | ၁ | ၁ | |
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၅၇၉၁ | - | ၅၅၇၉၁ | - | - | |
| | | ၄။ | ပြည်သူ့ပါတီ | ၅၁၉၃၄ | - | ၅၁၉၃၄ | - | - | |
| | | ၅။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုး တိုးတက်ရေးပါတီ | ၂၇၀၃၉ | - | ၂၇၀၃၉ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ၉-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ် အမှတ် (၁) နှင့် ၁၇-၁-၂၀၂၆ ရက်စွဲပါကြေညာချက် (၁၆/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒနယ်အမှတ်(၂)၊ (၃)၊ (၆) တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | မွန်ပြည်နယ် | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | | | ၅၅၆၁၂ | ၅၇၀၈ | ၆၁၃၂၀ | |
| | | ဒေါ်ယဉ်မင်းထိုက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၁၇၇ | ၃၇၄၆ | ၂၂၉၂၃ | ၃၇.၃၈% |

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | ဒေါ်သင်းသင်းအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၀၂၅ | ၆၆၃ | ၁၀၆၈၈ | ၁၇.၄၃% |
| | | ဒေါ်မိမိခိုင် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၇၇၆၈ | ၂၂၁ | ၇၉၈၉ | ၁၃.၀၃% |
| | | ဦးသန်းထိုက်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၉၅၁ | ၄၅၁ | ၆၄၀၂ | ၁၀.၄၄% |
| | | ဦးဝင်းလှိုင် | ပြည်သူ့ပါတီ | ၄၉၈၇ | ၂၉၃ | ၅၂၈၀ | ၈.၆၁% |
| | | ဦးဟန်လင်းမွန် | မွန်ညီညွတ်ရေးပါတီ | ၃၅၇၂ | ၁၇၃ | ၃၇၄၅ | ၆.၁၁% |
| | | ဦးအောင်သူထက် | ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၅၁၁ | ၁၂၀ | ၂၆၃၁ | ၄.၂၉% |
| | | ဒေါ်သဥ္ဇာစုလှိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၆၂၁ | ၄၁ | ၁၆၆၂ | ၂.၇၁% |
| ၂ | မဲဆန္ဒနယ်အမှတ်(၃) | | | ၉၁၃၀၀ | ၉၂၁၉ | ၁၀၀၅၂၉ | |
| | | ဦးခင်မောင်ထွေး(ခ)<br>မင်းစောန္ဒယ် | မွန်ညီညွတ်ရေးပါတီ | ၅၅၂၂၆ | ၂၆၅၈ | ၅၇၈၈၄ | ၅၇.၅၈% |
| | | ဦးမိုးဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၀၆၆ | ၅၆၂၃ | ၂၄၆၈၉ | ၂၄.၅၆% |
| | | ဦးမောင်မောင်မြင့်(ခ)မြင့်ထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၄၃၃ | ၃၇၆ | ၅၈၀၉ | ၅.၇၈% |
| | | ဦးသက်ဦးဗိုလ်ဗိုလ်မြင့် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၅၅၃၃ | ၂၇၃ | ၅၈၀၆ | ၅.၇၇% |
| | | ဦးအောင်မြင့်ဦး | ပြည်သူ့ပါတီ | ၃၈၈၇ | ၁၃၉ | ၄၀၂၆ | ၄.၀၀% |
| | | ဦးအဏ္ဏရာမင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၁၆၅ | ၁၅၀ | ၂၃၁၅ | ၂.၃၀% |
| ၃ | မဲဆန္ဒနယ်အမှတ်(၅) | | | ၁၆၉၄၆ | ၃၇၂၄ | ၂၀၆၇၀ | |
| | | နိုင်ချမ်းတွဲ့ | မွန်ညီညွတ်ရေးပါတီ | ၁၀၃၄၇ | ၅၄၆ | ၁၀၈၉၃ | ၅၂.၇၀% |
| | | ဒေါ်စိုးစိုးမိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၅၉ | ၂၉၃၈ | ၆၂၉၇ | ၃၀.၄၆% |
| | | ဦးကျော်သူရ | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၂၁၁၃ | ၁၃၉ | ၂၂၅၂ | ၁၀.၉၀% |
| | | ဦးကြည်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၂၇ | ၁၀၁ | ၁၂၂၈ | ၅.၉၄% |
| ၄ | မဲဆန္ဒနယ်အမှတ်(၆) | | | ၁၁၀၆၂၉ | ၆၉၇၁ | ၁၁၇၆၀၀ | |
| | | ဒေါ်အေးချမ်းမုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၇၀၁ | ၄၇၉၈ | ၃၁၄၉၉ | ၂၆.၇၈% |
| | | မင်းအောင်ဇေ | မွန်ညီညွတ်ရေးပါတီ | ၂၉၄၆၁ | ၇၁၂ | ၃၀၁၇၃ | ၂၅.၆၆% |
| | | ဦးခင်မောင်မြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၃၃၃ | ၅၆၆ | ၁၉၆၉၉ | ၁၆.၇၅% |
| | | ဒေါ်နှင်းသန္တာဦး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၁၁၄၃၄ | ၃၁၁ | ၁၁၇၄၅ | ၉.၉၉% |
| | | ခွန်ခင်လှ | ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၃၇၅ | ၁၉၃ | ၈၅၆၈ | ၇.၂၉% |
| | | ဒေါ်မြသီတာ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၆၀၀ | ၂၃၂ | ၆၈၃၂ | ၅.၈၁% |
| | | ဦးဝင်းဆန်းဦး | ပြည်သူ့ပါတီ | ၆၄၂၄ | ၁၂၅ | ၆၅၄၉ | ၅.၅၇% |
| | | ဒေါ်လင်းနန္ဒာစိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၅၀၁ | ၃၄ | ၂၅၃၅ | ၂.၁၅% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၆၃၆၆၅ / ၆ = ၇၇၂၇၇

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | မွန်ပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၄၆၃၆၆၅ | ၂ | | ၄ | ၆ | |
| | | ၁။ | မွန်ညီညွတ်ရေးပါတီ | ၁၅၃၃၄၄ | ၁ | ၇၆၀၆၇ | ၁ | ၂ | |
| | | ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၈၂၁၁ | ၁ | ၇၀၉၃၄ | ၁ | ၂ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၀၅၃၉ | - | ၅၀၅၃၉ | ၁ | ၁ | |
| | | ၄။ | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၄၀၄၄၀ | - | ၄၀၄၄၀ | ၁ | ၁ | |
| | | ၅။ | ပြည်သူ့ပါတီ | ၂၅၅၀၇ | - | ၂၅၅၀၇ | - | - | |
| | | ၆။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၃၆၄၁ | - | ၂၃၆၄၁ | - | - | |
| | | ၇။ | ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၁၉၉ | - | ၁၁၁၉၉ | - | - | |
| | | ၈။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၇၈၄ | - | ၁၀၇၈၄ | - | - | |

ရှင်းလင်းချက် ။ (၁) ၉-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် မွန်ပြည်နယ်အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ် အမှတ် (၂)၊ (၄) နှင့် ၁၇-၁-၂၀၂၆ ရက်စွဲပါကြေညာချက် (၁၆/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒနယ်အမှတ်(၁)၊ (၃)၊ (၅)၊ (၆) တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၃) | | | ၄၀၅၃၇၀ | ၅၇၀၇၈ | ၄၆၂၄၄၈ | |
| | | ဦးခင်မောင်တင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၄၂၃၁ | ၄၇၃၉၈ | ၂၃၁၆၂၉ | ၅၀.၀၉% |
| | | ဒေါ်တင်ဇာဦး | ပြည်သူ့ပါတီ | ၅၅၉၄၂ | ၂၀၂၄ | ၅၇၉၆၆ | ၁၂.၅၃% |
| | | ဒေါ်လေးလေးမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၀၄၅၇ | ၂၈၄၄ | ၅၃၃၀၁ | ၁၁.၅၃% |
| | | ဒေါ်စိုးစိုးလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၃၄၉၉ | ၁၇၄၅ | ၃၅၂၄၄ | ၇.၆၂% |
| | | ဦးတင်ဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၀၈၈၂ | ၁၀၆၂ | ၃၁၉၄၄ | ၆.၉၁% |
| | | ဦးနေဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၇၃၅၉ | ၁၂၃၄ | ၂၈၅၉၃ | ၆.၁၈% |
| | | ဦးလွင်မောင်မောင် | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၃၀၀၀ | ၇၇၁ | ၂၃၇၇၁ | ၅.၁၄% |

စာမျက်နှာ ၁၈ သို့

စာမျက်နှာ ၁၇ မှ

| | ရှမ်းပြည်နယ် | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | မဲဆန္ဒနယ်အမှတ်(၂) | | | ၉၂၂၄၆ | ၅၁၂၈ | ၉၇၃၇၄ | |
| | | ဒေါ်မာလာဆန်း | ခနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၅၅၂၅၅ | ၂၃၆၃ | ၅၇၆၁၈ | ၅၉.၁၇% |
| | | ဦးမော်မော်အုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၆၉၉၁ | ၂၇၆၅ | ၃၉၇၅၆ | ၄၀.၈၃% |

## နိုင်ငံတကာသတင်း

## အီဂျစ်နိုင်ငံသည် တစ်ရက်လျှင် ရေနံစည်ပေါင်း ၄၃၀၀ နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၄၇ သန်းကို ထုတ်လုပ်ပေးမည့် ရေနံတွင်းသစ်များ တွေ့ရှိ

**ကိုင်ရို ဇန်နဝါရီ ၁၇**

အီဂျစ်နိုင်ငံ၌ အနောက်ကန္တာရနှင့် နိုင်းမြစ်ဝကျွန်းပေါ် ဒေသတို့၌ ရေနံနှင့် သဘာဝဓာတ်ငွေ့များစွာကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။ အဆိုပါရှာဖွေ တွေ့ရှိမှုမှာ တစ်ရက်လျှင် ရေနံစည်ပေါင်း ၄၃၀၀ နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၄၇ သန်းကို ထုတ်လုပ်မှုတိုးလာမည်ဖြစ်ကြောင်း ရေနံနှင့်သတ္တု အရင်းအမြစ်ဝန်ကြီးဌာနက ဇန်နဝါရီ ၁၆ ရက်က ကြေညာသည်။

Khalda Petroleum၊ the General Petroleum Company (GPC)၊ Disouq Petroleum Company (DISOUCO) စသည့် ရေနံကုမ္ပဏီများက ၎င်းတို့၏ ရေနံတူးဖော်ပိုင်ခွင့်ဒေသများ၌ လုပ်ဆောင်သည့် ရေနံတွင်းသစ်ငါးခုအပါအဝင် အောင်မြင်သည့် ရေနံတူးဖော်ရေးလုပ်ငန်းများမှ တွေ့ရှိမှုရလဒ်များ ဖြစ်ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Khalda Petroleum ကုမ္ပဏီသည် တစ်ရက်လျှင် ရေနံစည် ၂၅၅၀ ခန့်နှင့် သဘာဝဓာတ်ငွေ့နေ့စဉ် ကုဗပေ ၂၉ သန်း ထွက်ရှိမှုနှင့်အတူ ရှာဖွေတွေ့ရှိမှုသစ် သုံးခုကို အစီရင်ခံထားကြောင်း၊ အလားတူ နိုင်ငံပိုင် GPC သည် အနောက်ပိုင်းနှင့် အရှေ့ပိုင်းကန္တာရများ၌ ရေနံတွင်းလုပ်ငန်းများရရှိပြီး တစ်ရက်လျှင် ရေနံစည် ၁၂၅၀ ကျော်နှင့် သဘာဝဓာတ်ငွေ့ကုဗပေ ရှစ်သန်းထွက်ရှိကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ ရှာဖွေတွေ့ရှိမှုများသည် အီဂျစ်နိုင်ငံ၏ အမျိုးသားစွမ်းအင်ထုတ်လုပ်မှုနှင့် ပြည်တွင်း ထုတ်လုပ်မှုလုပ်ငန်းများ ခိုင်မာလာစေရန် အထောက်အပံ့ဖြစ်မည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



## ဂါဇာ၌စာသင်ကျောင်းသုံးပစ္စည်းထောက်ပံ့မှုကန့်သတ်ချက်များ ဖြေလျှော့ပေးရန် ကုလနှင့်မိတ်ဖက်များတောင်းဆို

**နယူးယောက် ဇန်နဝါရီ ၁၇**



ကုလသမဂ္ဂနှင့် ၎င်း၏ ထောက်ပံ့ကူညီပေးရေး မိတ်ဖက်များသည် ဂါဇာကမ်းမြောင်တွင် ကလေးငယ်အများအပြား ပညာသင်ကြားခွင့် ရရှိစေရန် စာသင်ကျောင်းသုံးပစ္စည်း ထောက်ပံ့မှုများနှင့် ပတ်သက်၍ ကန့်သတ်ချက်များ ဖြေလျှော့ပေးရန် တောင်းဆိုလိုက်ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာ ထောက်ထားမှုအဖွဲ့က ဇန်နဝါရီ ၁၆ ရက်တွင် ပြောသည်။

ကလေးငယ်အမြောက်အမြား စာသင်ကြားမှု ပြန်လည်ရရှိစေရန်နှင့် ဆောင်းရာသီ၏ ဆိုးရွားပြင်းထန်သော ရာသီဥတုဒဏ်ကို ခံစားခဲ့ကြရသည့် ပြည်သူများကို ကူညီရန် မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (အိုစီအိတ်ချ်အေ) က ပြောသည်။

သင်ကြားရေးနေရာ ၄၄၀ ကျော်လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာ ဆရာမ ၆၃၀၀ ကျော်က ကျောင်းသား ကျောင်းသူ ၂၇၀၀၀၀ ခန့်ကို သင်ကြားပေးလျက်ရှိကြောင်း အိုစီအိတ်ချ်အေက ပြောသည်။

ဆောင်းရာသီ မုန်တိုင်းတိုက်ခတ်မှုအတွင်း ခိုလှုံရာနေအိမ်များ ဆုံးရှုံးခဲ့သည့် မိသားစုများထံ ရွက်ဖျင်တဲ ၂၀၀ နှင့်အတူ စောင်များ၊ အနွေးထည်များ၊ ချက်ပြုတ်ရေးနှင့် စားသောက်ရေးသုံးပစ္စည်းများ၊ နေရောင်ခြည်စွမ်းအင်သုံး မီးလုံးများကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသတစ်ဝန်း လူပေါင်းတစ်သန်းကျော်မှာ ခိုလှုံရာနေရာအကူအညီနှင့် ရေရှည်တည်တံ့သော ဖြေရှင်းချက်များ အရေးတကြီး လိုအပ်နေသေးကြောင်း အိုစီအိတ်ချ်အေက ပြောသည်။ **ဆင်ဟွာ**

## တူကီယဲနိုင်ငံ၌ လူမှောင်ခိုသမားများဟု သံသယရှိသူ ၁၅၅ ဦးကို ဖမ်းဆီး

**အစ္စတန်ဘူလ် ဇန်နဝါရီ ၁၇**

တူကီယဲ အာဏာပိုင်များသည် လွန်ခဲ့သည့် သီတင်းပတ်နှစ်ပတ်အတွင်း ပြည်နယ်ပေါင်း ၁၅ ခု၌ လူမှောင်ခိုနှိမ်နင်းမှုစစ်ဆင်ရေးလုပ်ဆောင်ခဲ့ပြီး လူမှောင်ခိုသမားဟု သံသယရှိသူ ၁၅၅ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက ဇန်နဝါရီ ၁၆ ရက်တွင် ပြောသည်။

မြေပြင်မှတပ်ဖွဲ့ဝင်များ၊ ဒရုန်းများပေါင်းစပ်၍ လူကုန်ကူးမှု နှိမ်နင်းရေးစစ်ဆင်ရေးကိုဆောင်ရွက်ခဲ့ပြီး ကမ်းရိုးတန်းဒေသနှင့် အဓိကမြို့ကြီးများရှိ လူကုန်ကူးမှုလမ်းကြောင်းများကို ပစ်မှတ်ထားလုပ်ဆောင်ခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးက ပြောသည်။ သံသယရှိသူ ၅၀ ကို ဖမ်းဆီးထောင်ချခဲ့ပြီး ၂၇ ဦးကို တရားရေးထိန်းချုပ်မှုအောက်တွင်ထားရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ကျန်ရှိနေသည့် ဖမ်းဆီးခံထားရသူများအတွက် တရားဝင်လုပ်ဆောင်မှုများဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။ စစ်ဆင်ရေးအတွင်း လူမှောင်ခိုသမားများအသုံးပြုသည့် မော်တော်ယာဉ် ၈၁ စီးနှင့် လှေခြောက်စင်းကို ဖမ်းဆီးရရှိခဲ့သည်။ **ဆင်ဟွာ**

## အင်ဒိုနီးရှားနိုင်ငံတောင်ပိုင်း စူလာဝေစီပြည်နယ်၌ လေယာဉ်တစ်စင်း အဆက်အသွယ်ပြတ်တောက်

**ဂျကာတာ ဇန်နဝါရီ ၁၇**

ယိုဂျာကာတာမြို့မှ မာကက်စာမြို့သို့ ပျံသန်းလာသည့် အေတီအာ ၄၀၀ လေယာဉ်သည် အင်ဒိုနီးရှားနိုင်ငံတောင်ပိုင်း စူလာဝေစီပြည်နယ်ရှိ မာရို့စ်ဒေသပတ်ဝန်းကျင်တွင် ဇန်နဝါရီ ၁၇ ရက်က အဆက်အသွယ်ပြတ်တောက်သွားသည်ဟု ပြည်တွင်းမီဒီယာတွင် ဖော်ပြထားသည်။

အဆိုပါလေယာဉ်သည် အင်ဒိုနီးရှား လေကြောင်းသယ်ယူပို့ဆောင်ရေးမှ လေယာဉ်ဖြစ်ပြီး မာကက်စာရှိ ဆူလ်တန်ဟာဆာနူဒင် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်ဆင်းသက်ရန် စီစဉ်ထားသည့် လေယာဉ်ဖြစ်သည်။ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၇ မိနစ်ဝန်းကျင်တွင် အဆက်အသွယ်ပြတ်တောက်သွားခြင်းဖြစ်သည်။

ကနဦးသတင်းအချက်အလက်များအရ အဆိုပါလေယာဉ်သည် ယိုဂျာကာတာမှ မာကက်စာသို့ ပျံသန်းထွက်ခွာလာပြီးနောက် အဆက်အသွယ်ပြတ်တောက်သွားခြင်းဖြစ်သည်ဟု မာကက်စာရှိ အင်ဒိုနီးရှား ရှာဖွေရေးနှင့်ကယ်ဆယ်ရေး အေဂျင်စီရုံးမှ အကြီးအကဲဖြစ်သူ အန်ဒီဆူလ်တန်က ပြောသည်။ **ဆင်ဟွာ**

## သီရိလင်္ကာနိုင်ငံ၌ မူးယစ်ဆေးသုံး ယာဉ်မောင်းနှင်သူများအား စစ်ဆေးဖော်ထုတ်ရန် ပါးစပ်အတွင်း တံတွေးနမူနာယူသည့်စနစ်အသစ်ကို စတင်စမ်းသပ်

**ကိုလံဘို ဇန်နဝါရီ ၁၇**

သီရိလင်္ကာရဲတပ်ဖွဲ့သည် ယာဉ်မတော်တဆ ဖြစ်ပွားမှုများကို ထိန်းချုပ်လျှော့ချရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲပြီး မောင်းနှင်သူများကို စစ်ဆေးဖော်ထုတ်နိုင်ရန် ဇန်နဝါရီ ၁၇ ရက်မှစတင်ကာပါးစပ်အတွင်း တံတွေးနမူနာယူသည့် စနစ်အသစ်ကို စတင်စမ်းသပ်လိုက်ပြီဖြစ်ကြောင်း အကြီးတန်း ရဲတပ်ဖွဲ့အရာရှိတစ်ဦးက ပြောသည်။

ပါးစပ်အတွင်း တံတွေးနမူနာယူသည့်စနစ်အသစ်သည် မူးယစ်ဆေးဝါး ၁၂ မျိုးကို ရှာဖွေတွေ့ရှိနိုင်ကြောင်း၊ ထိုကဲ့သို့ လုပ်ဆောင်မှုကရဲတပ်ဖွဲ့အရာရှိများသည် မူးယစ်ဆေးဝါးသုံးစွဲပြီး မောင်းနှင်သူများကို အလျင်မြန်ဆုံး ဖော်ထုတ်ပေးနိုင်မည်ဖြစ်ပြီး လိုအပ်ပါက ပိုမိုသေချာသည့် စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရန်မှူခင်းဆိုင်ရာ ဆေးဘက်အရာရှိများထံ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ယာဉ်ထိန်းရဲနှင့် လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဒုတိယရဲချုပ် ဆီနာဒီရာက ပြောသည်။

ထိုကဲ့သို့ စမ်းသပ်လုပ်ဆောင်မှုကို ကနဦးတွင် မြို့တော်ကိုလံဘိုရှိ ခရိုင်များတွင် စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ နောက်ပိုင်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ သီရိလင်္ကာနိုင်ငံ၌ လမ်းအန္တရာယ်ကင်းရှင်းဘေးမှာ ပြည်သူ့ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်ဖွယ်ရာကိစ္စရပ်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

တရားဝင်အချက်အလက်များအရ ယမန်နှစ်က လူသေဆုံးမှုဖြစ်ပွားသည့် ယာဉ်မတော်တဆမှုပေါင်း ၂၅၈၃ ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲမှာတော့ ရွှေ ၁၆ ခုအထိ ရရှိနိုင်ဖို့နဲ့ (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲထက် သာလွန်တဲ့ ဆုတံဆိပ်တွေရရှိဖို့ မျှော်မှန်းထားပါတယ်

***တွေ့ဆုံမေးမြန်း- မင်းသူဟိန်း***

(၁၃) ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေမှုများကို မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြအပ်ပါသည်-



**မေး။ ။Sea Game ပြိုင်ပွဲကြီး ပြီးတဲ့နောက် Asean Para Games ပြိုင်ပွဲ ဆက်လက်ကျင်းပမယ့်အခြေအနေ သိလိုပါတယ်။**

**ဖြေ။** ။ပုံမှန် Sea Gameပြိုင်ပွဲ ကြီးပြီးရင် မသန်စွမ်းတွေရဲ့ (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ နခွန်ရစ်ချက်စီးမားမြို့မှာ ကျင်းပမှာ ဖြစ်ပါတယ်။ ကစားနည်း ၁၉ မျိုး ပါဝင်မှာ ဖြစ်ပြီး မြန်မာနိုင်ငံက ၁၁ မျိုး ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေမှုအခြေအနေကိုသိလိုပါတယ်။**

**ဖြေ။** ။မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်အနေနဲ့ ဒီပြိုင်ပွဲအတွက် ကမ္ဘောဒီးယားမှာ ကျင်းပခဲ့တဲ့ (၁၂) ကြိမ်မြောက် ပွဲအပြီး အတွေ့အကြုံတွေအရ ပြင်ဆင်လေ့ကျင့်ဖို့ အချိန်နှစ်နှစ်ခန့် ရရှိခဲ့ပါတယ်။ လေ့ကျင့်မှုအပိုင်း သုံးပိုင်းခွဲပြီး ဆောင်ရွက်ခဲ့ပါတယ်။ လေ့ကျင့်မှုပထမအပိုင်းအနေနဲ့ မျိုးဆက်သစ်ကစားသမားများ ရှာဖွေပြီး စတင်လေ့ကျင့်ပေးခြင်း ဖြစ်ပါတယ်။ စစ်ဘက်/နယ်ဘက် ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးရုံတွေ အင်အားဖြည့်တင်းရေးနှင့် ပြန်လည်နေရာချထားရေးတပ်တွေ၊ မျက်မမြင်ကျောင်းတွေမှာ အဖွဲ့နဲ့ သွားရောက်ပြီး မျိုးဆက်သစ်ကစားသမားတွေကို စိစစ်ရွေးချယ်ပါတယ်။ ၁-၁-၂၀၂၄ ရက်ကစပြီး ကစားနည်း ၁၂ မျိုးအတွက် နည်းပြ ၁၉ဦး၊ မျိုးဆက်သစ်ကစားသမား ၉၅ ဦး၊ နည်းပြ ၁၉ ဦး စုစုပေါင်းအင်အား ၁၁၄ ဦးနဲ့ စတင်လေ့ကျင့်ခဲ့ပါတယ်။ ခေါ်ယူထားတဲ့မျိုးဆက်သစ်ကစားသမားတွေကို ပဏာမကျန်းမာရေးစစ်ဆေးခြင်းနဲ့ မသန်စွမ်းမှုဆေးအဆင့်စစ်ဆေးခြင်းတွေ ဆောင်ရွက်ပြီး ကစားသမားရဲ့ ဝါသနာနဲ့ မသန်စွမ်းမှုဆေးအဆင့်နဲ့ ကိုက်ညီတဲ့ကစားနည်းကို လေ့ကျင့်ဆောင်ရွက်ပေးပါတယ်။ စတင်လေ့ကျင့်မှု သုံးလအပြီးမှာ ဆန်းစစ်မှုတွေ ပြုလုပ်ပြီး လေ့ကျင့်ကစားနည်းနဲ့ ကိုက်ညီမှု မရှိ၊ တိုးတက်မှုမရှိတဲ့ ကစားသမားတွေကို အခြားကစားနည်းမှာ ပြောင်းလဲလေ့ကျင့်စေပါတယ်။ လုံးဝမဖြစ်နိုင်တော့မှသာ ပြန်လည်စေလွှတ်ခြင်း၊ ဖြစ်နိုင်တဲ့တိုးတက်မှုရှိတဲ့ ကစားသမားတွေကို ဆက်လက်လေ့ကျင့်စေခြင်း၊ လစဉ်ဆန်းစစ်မှု ပြုလုပ်ပြီး တိုးတက်မှုစောင့်ကြည့် မှတ်တမ်းထားခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

လေ့ကျင့်မှု ဒုတိယအပိုင်းအနေနဲ့ကတော့ မျိုးဆက်သစ်နဲ့ လက်ရွေးစင်ကစားသမားဟောင်းတွေ ပူးပေါင်းလေ့ကျင့်ခြင်းဖြစ်ပါတယ်။ မျိုးဆက်သစ်ကစားသမားတွေ လေ့ကျင့်မှုကာလ ခြောက်လပြည့်ချိန်မှာ လက်ရွေးစင်ကစားသမားဟောင်းတွေကို ပြန်လည်ခေါ်ယူပြီး အတူတကွ ပူးပေါင်းလေ့ကျင့်ခြင်းတွေ ဆောင်ရွက်ပါတယ်။ လစဉ်ဆန်းစစ်မှုများ ပြုလုပ်ခြင်း၊ တိုးတက်မှုအခြေအနေ စောင့်ကြည့်ခြင်း၊ သုံးသပ်ဆွေးနွေးခြင်း လိုအပ်ချက်များ ပြုပြင်၊ ပြင်ဆင်လေ့ကျင့်ခြင်းများ ဆက်လက်ဆောင်ရွက်စေပါတယ်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ အမျိုးသားအားကစားပွဲတော်မှာ ဝင်ရောက်ယှဉ်ပြိုင်စေပြီး တိုးတက်မှုအခြေအနေများ ဆန်းစစ်ခြင်းနဲ့ ပြင်ပမှ စံချိန်ကောင်းရရှိသူတွေကို ထပ်မံခေါ်ယူ လေ့ကျင့်ခြင်းများလည်း ဆောင်ရွက်ပါတယ်။ ၂၀၂၅ ခုနှစ် ဧပြီလကုန်မှာ ပဏာမလက်ရွေးစင်အဖြစ် ဆန်းစစ်မှုပြုလုပ်ရွေးချယ်ပြီး ဆက်လက်လေ့ကျင့်ခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

လေ့ကျင့်မှု တတိယအပိုင်းအနေနဲ့ကတော့ လက်ရွေးစင် အပြီးသတ်ရွေးချယ်ခြင်းနဲ့ ပြိုင်ပွဲဝင်ရောက်ရန် လေ့ကျင့်ပြင်ဆင်ခြင်း ဖြစ်ပါတယ်။ ပဏာမအဆင့်ရွေးချယ်ပြီး လေ့ကျင့်မှုကာလ လေးလပြည့်ချိန် ၂၀၂၅ ဩဂုတ်လကုန်မှာ အပြီးသတ် လက်ရွေးစင်ရွေးချယ်မှု ပြုလုပ်ရွေးချယ်ခြင်း၊ စံချိန်ယူ ကစားနည်းတွေဖြစ်တဲ့ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ သေနတ်ပစ် စတဲ့ကစားနည်းတွေကို အငြင်းပွားမှု၊ ဘက်လိုက်မှုမဖြစ်ဖို့ မှန်ကန်မှု၊ မျှတမှုဖြစ်စေဖို့အတွက် ပြင်ပက ပညာရှင် Third party အဖွဲ့များနဲ့ စံချိန်ယူစိစစ်ခြင်း၊ အသင်းလိုက်နဲ့ တစ်ဦးချင်းကစားနည်းတွေကို ပြိုင်ပွဲဝင်ပုံစံအတိုင်း ယှဉ်ပြိုင်ကစားစေခြင်းဖြင့် စိစစ်ခြင်း၊ EC တွေလည်း ကြီးကြပ် ဆောင်ရွက်ပေးခြင်းတွေ လုပ်ဆောင်ခဲ့ပါတယ်။

စံချိန်တွေရယူပြီးနောက် EC အစည်းအဝေးမှာ ရွေးချယ်စိစစ်ရရှိတဲ့ စံချိန်တွေနဲ့ အာဆီယံ ပြိုင်ပွဲ ရွှေ၊ ငွေ၊ ကြေး ရရှိစံချိန်တွေကို ချိန်ထိုးစိစစ်ပြီး အပြီးသတ်အတည်ပြု ရွေးချယ်ခဲ့ပါတယ်။ အပြီးသတ်လူရွေးချယ်ပြီးနောက် လေ့ကျင့်မှုတွေ ဆက်လက်ပြုလုပ်ပြီး လစဉ်ဆန်းစစ်မှုတွေ ပြုလုပ်ပါတယ်။ ပြိုင်ပွဲပုံစံတွေနဲ့ လေ့ကျင့်ကစားစေခြင်း၊ ပြင်ပအားကစားအဖွဲ့များနဲ့ လက်ရည်စမ်းကစားခြင်း၊ ပြိုင်ပွဲဟောင်းတွေနဲ့ ပြိုင်ဘက်အသင်းကစားပွဲတွေကို ပြန်လည်ကြည့်ရှုလေ့လာပြီး လိုအပ်ချက်တွေကို ပြင်ဆင်လေ့ကျင့်ခြင်းများ ပြုလုပ်ပါတယ်။ ဆက်လက်ပြီး ကစားနည်းအလိုက် ပြိုင်ပွဲအတွက် အပြီးသတ် ပြင်ဆင်လေ့ကျင့်ခြင်းတွေ ဆောင်ရွက်ပါတယ်။

**မေး။ ။ပြိုင်ပွဲအတွေ့အကြုံနဲ့ လေ့ကျင့်ရေးအတွက် ပြည်ပ Joint Training တွေ ဆောင်ရွက်ခဲ့ပါသလား။**



**ဖြေ။** ။ပြည်ပကို Joint Training တွေ သွားရောက် လေ့ကျင့်နိုင်ခဲ့ခြင်းတော့ မရှိပါဘူး။ အတွေ့အကြုံနဲ့ လက်ရည်စမ်းအနေနဲ့ ၂၀၂၅ ခုနှစ် အောက်တိုဘာလမှာ ကာဇက်စတန်နိုင်ငံမှာ ကျင်းပတဲ့ ဒုတိယအကြိမ်မြောက် ကမ္ဘာ့စစ်တုရင် (မျက်မမြင်)ပြိုင်ပွဲကို စေလွှတ်ပြီး လက်ရည်စမ်း သွားရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။

**မေး။ ။ကစားနည်းအလိုက် လေ့ကျင့်မှုနဲ့ ဆုတံဆိပ်မျှော်မှန်းချက် ဘယ်လိုရှိပါသလဲ။**

**ဖြေ။** ။၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၀ ကနေ ၂၆ ရက်အထိ ကျင်းပပြုလုပ်မယ့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲမှာ ကစားနည်းပေါင်း ၁၉ နည်းဖြစ်ပါတယ်။ မြန်မာက (၁၁)နည်း ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်မယ့် ကစားနည်းတွေကတော့ ပြေးခုန်ပစ်၊ ရေကူး၊ စစ်တုရင် (မျက်မမြင်)၊ ဂိုးလ်ဘော(မျက်မမြင်)၊ အလေးမ၊ မသန်စွမ်းဘော်လီဘော၊ မသန်စွမ်းဘောလုံး၊ စားပွဲတင်တင်းနစ်၊ ဘိုစီယာ၊ သေနတ်ပစ်၊ ဘိုးလင်းကစားနည်းများ ဖြစ်ပါတယ်။ ကစားနည်းများအားလုံး ဆုတံဆိပ်ရရှိရေး မျှော်မှန်း လေ့ကျင့်ထားပါတယ်။ အချို့ကစားနည်းတွေမှာ ယခင်ရွှေတံဆိပ်ဆု စံချိန်ထက် သာလွန်ကောင်းမွန်တဲ့ စံချိန်တွေ ရရှိထားတာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့အနေနဲ့ **အင်ဒိုနီးရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲမှာ ရွှေ ၁၄ ခု၊ ငွေ ၁၂ ခု၊ ကြေး ၁၇ ခု စုစုပေါင်း ၄၃ ခုနဲ့ နိုင်ငံအလိုက် အဆင့် ၆ ရရှိခဲ့ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံမှာ ကျင်းပခဲ့တဲ့ (၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲမှာ ရွှေ ၁၅ ခု၊ ငွေ ၂၂ ခု၊ ကြေး ၁၉ ခု စုစုပေါင်း ၅၆ ခုနဲ့ နိုင်ငံအလိုက် အဆင့် ၆** ရရှိခဲ့ပါတယ်။ ပြိုင်ပွဲဝင် နိုင်ငံတွေကလည်း နှစ်နှစ်တာ ကာလအတွင်းမှာ မြန်မာနိုင်ငံနည်းတူ ကြိုတင်ပြင်ဆင်လေ့ကျင့်ထားတာဖြစ်လို့ သူတင်ကိုယ်တင် ယှဉ်ပြိုင်ရမယ့် အနေအထားဖြစ်ပါတယ်။ အခု ထိုင်းနိုင်ငံမှာ ကျင်းပမယ့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲမှာတော့ ရွှေ ၁၆ ခုအထိ ရရှိနိုင်ဖို့နဲ့ ယခင် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲထက် သာလွန်တဲ့ ဆုတံဆိပ်တွေရရှိဖို့ မျှော်မှန်းထားပါတယ်။

**မေး။ ။ပြိုင်ပွဲဝင်အားကစားသမားများရဲ့ ကျွေးမွေးမှုနဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ဘယ်လိုဆောင်ရွက်ပါသလဲ။**

**ဖြေ။** ။၁-၁-၂၀၂၄ ရက်မှ ၃၀-၆-၂၀၂၅ ရက်အထိ နေ့စဉ်တစ်ဦးကို ငွေကျပ် ၅၀၀၀ နှုန်းနဲ့ ကျွေးမွေးခဲ့ပါတယ်။ ၁-၇-၂၀၂၅ ရက်နေ့ကနေစပြီး အခုအထိ နေ့စဉ်တစ်ဦးကို ငွေကျပ် ၁၂၀၀၀ နှုန်းနဲ့ ကျွေးမွေး ပါတယ်။ ကျွေးမွေးမှုအနေနဲ့ကတော့ အာဟာရပညာရှင်များနဲ့ တိုင်ပင်ပြီး တစ်နေ့ကို ခြောက်ကြိမ်ကျွေးပါတယ်။

ကျန်းမာရေး စောင့်ရှောက်မှုအနေနဲ့ အဖွဲ့ချုပ်ရဲ့ အမှုဆောင်အဖွဲ့ထဲမှာ ပြည်သူ့ကျန်းမာရေး၊ ပြန်လည်သန်စွမ်းရေး၊ မျက်စိအထူးကုဆရာဝန်ကြီးတွေ၊ အကြောအဆစ်ကုပညာရှင် (Physiotherapist) နဲ့ ခြေတုဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေ ရှိပါတယ်။ ဆေးကုသမှုအနေနဲ့ ဖျားနာခြင်းနဲ့ အခြားအထွေထွေကုသမှုတွေ၊ ကူးစက်ရောဂါကာကွယ်ဆေးထိုးပေးတာတွေ၊ ထိခိုက်ဒဏ်ရာရတာတွေကို လျှပ်စစ်



သံလိုက်လှိုင်း၊ အသံလွန်လှိုင်းတို့နဲ့ ကုသပေးတာတွေ၊ လေဆာရောင်ခြည်၊ အနီအောက်ရောင်ခြည် အသုံးပြုကုသပေးတာတွေ စတဲ့နောက်ဆုံးပေါ် စက်ကိရိယာတွေကို အသုံးပြုပြီး ကုသမှုတွေ ဆောင်ရွက်ပေးပါတယ်။ ကိုယ်ကာယကြံ့ခိုင်မှု စစ်ဆေးခြင်းကို ဆရာဝန်ကြီးတွေက ကြီးကြပ်ပြီး ဆောင်ရွက်ပေးပါတယ်။

**မေး။ ။သွားရောက် ယှဉ်ပြိုင်မယ့် အားကစားသမားနဲ့ နည်းပြ ဘယ်လောက်ရှိပါသလဲ။**

**ဖြေ။** ။ပြိုင်ပွဲကျင်းပရေးက ဖိတ်ကြားထားတဲ့ ပုဂ္ဂိုလ်တွေ၊ မြန်မာ မသန်စွမ်းအားကစားအဖွဲ့ အုပ်ချုပ်မှုအဖွဲ့ဝင်တွေနဲ့ ကစားနည်းအလိုက် အုပ်ချုပ်/ နည်းပြ ၄၈ ဦး၊ ကစားသမား ၉၇ ဦး စုစုပေါင်း ၁၄၅ ဦး သွားရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။နိုင်ငံအနေနဲ့ ဘယ်လိုဖြည့်ဆည်းထောက်ပံ့ပေးမှုတွေ ဆောင်ရွက်ပေးပါသလဲ။**

**ဖြေ။** ။နိုင်ငံတော်၊ အားကစားနဲ့ လူငယ်ရေးရာဝန်ကြီးဌာနက အားကစားဆိုင်ရာ လိုအပ်ချက်တွေ ဖြည့်ဆည်းဆောင်ရွက်ပေးပါတယ်။ အခုဆိုရင် စားစရိတ်အနေနဲ့ တစ်ရက်ကို တစ်ဦး ငွေကျပ် ၅၀၀၀ ကနေ ငွေကျပ် ၁၂၀၀၀ နှုန်းကို တိုးမြှင့်ထောက်ပံ့ကျွေးမွေးပါတယ်။ လစဉ်ထောက်ပံ့ကြေးအနေနဲ့ နည်းပြနဲ့ အားကစားသမားတွေကို ယခင် ရွှေ၊ ငွေ၊ ကြေး တံဆိပ်ရှိမှုအလိုက် သတ်မှတ်ထားတဲ့အားကစားထောက်ပံ့ကြေးပေးပါတယ်။ ပြေးခုန်ပစ်ကစားနည်းမှာ စံချိန်ကောင်းရရှိဖို့၊ ပြည်ပ အားကစားသမားတွေနဲ့ ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်ဖို့အတွက် ဂျပန်အဆင့်မြင့် ပြေးခုန်ပစ် ခြေတုလေးချောင်းကို ဝယ်ယူခွင့်ပြုတပ်ဆင်ပေးခဲ့ပါတယ်။ အားဆေးတွေနဲ့ ဓာတ်ဆားထုပ်တွေ၊ လေ့ကျင့်ရေးပစ္စည်းနဲ့ လေ့ကျင့်ရေးဝတ်စုံတွေကိုလည်း ထောက်ပံ့ပေးပါတယ်။ ပြိုင်ပွဲသွားရောက်ဖို့အတွက် လေယာဉ် အသွား/အပြန်ခရီးတွေ စီစဉ်ပေးပါတယ်။ ပြိုင်ပွဲမှာ ဆုတံဆိပ်တွေ ရရှိတဲ့အခါမှာလည်း ဆုချီးမြှင့်ခြင်းတွေကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်ကနေ ချီးမြှင့်ထောက်ပံ့ဖြည့်ဆည်း ဆောင်ရွက်ပေးပါတယ်။ အခုလို မသန်စွမ်းအားကစားသမားတွေကို နိုင်ငံတော်က ချီးမြှင့်ဖြည့်ဆည်းပေးမှုအတွက် အလွန်ကျေးဇူးတင်ရှိပါတယ်။

မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်အနေနဲ့လည်း နိုင်ငံတော်အတွက် ဆုတံဆိပ်တွေနဲ့အတူ အောင်မြင်မှုတွေ ရရှိအောင် အစွမ်းကုန်ကြိုးစား ပြိုင်ပွဲဝင်သွားမှာ ဖြစ်ပါတယ်။ ။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန ပထမအကြိမ် အိတ်ဖွင့်လေလံကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် (၁)နှစ်အတွက် အောက်ပါအခွင့်အရေးအရပ်ရပ်ဆိုင်ရာလုပ်ကိုင်ခွင့်လိုင်စင်များကို ပထမအကြိမ် အိတ်ဖွင့်လေလံ ရောင်းချသွားမည်ဖြစ်ပါသည်-

| စဉ် | အခွင့်အရေးအမျိုးအစား | လေလံတင်ရောင်းချမည့်ရက် | နေရာ/အချိန် |
|---|---|---|---|
| (က) | ရေချိုး/အိမ်သာအသုံးပြုခ ကောက်ခံခွင့်(၄)နေရာ | ၂၆ - ၁ - ၂၀၂၆ | (၈)ထပ်ဆောင် အစည်းအဝေးခန်းမ |
| ( ခ ) | စက်ဘီး/ဆိုင်ကယ်အပ်နှံခ ကောက်ခံခွင့်(၁၄)နေရာ | ၂၆ - ၁ - ၂၀၂၆ | နံနက် ၁၀း၀၀ နာရီ |
| ( ဂ ) | ယာဉ်ရပ်နား(ကန့်သတ်) ကောက်ခံခွင့်(၆)နေရာ | ၂၆ - ၁ - ၂၀၂၆ | ။ |
| (ဃ) | အပေါင်ဆိုင်(၅)နေရာ | ၂၆ - ၁ - ၂၀၂၆ | ။ |
| ( င ) | လမ်းဘေးဈေးကောက် ကောက်ခံခွင့်(၆)နေရာ | ၂၆ - ၁ - ၂၀၂၆ | ။ |
| ( စ ) | ဝက်သားဆိုင်(၃၇)ဆိုင် | ၂၇ - ၁ - ၂၀၂၆ | ။ |
| (ဆ) | ဆိတ်သားဆိုင်(၃၅)ဆိုင် | ၂၇ - ၁ - ၂၀၂၆ | ။ |
| ( ဇ ) | အမဲသားဆိုင်(၂၃)ဆိုင် | ၂၇ - ၁ - ၂၀၂၆ | ။ |

၂။ အထက်ဖော်ပြပါ လုပ်ကိုင်ခွင့်များအား လေလံဆွဲဝယ်သူများသည် လေလံလျှောက်လွှာများကို လေလံယှဉ်ပြိုင်မည့်အမျိုးအစားအလိုက် လျှောက်လွှာဝယ်ယူ၍ လျှောက်လွှာ၌ သတ်မှတ် ထားသော လေလံစည်းကမ်းများနှင့်အညီ ပါရှိရမည့်စာရွက်စာတမ်းများ ပြည့်စုံစွာပူးတွဲလျက် တင်ပြပြီး လေလံကြမ်းခင်းဈေး၏ (၁၀%) စားပွဲတင်စပေါ်ငွေကို အိတ်ဖွင့်လေလံပွဲရက်မတိုင်မီ ကြိုတင်၍ ရတနာပုံဘဏ်လီမိတက်သို့ တင်သွင်းထားရှိရမည်။ လျှောက်လွှာတင်သွင်းခြင်း နှင့် စပေါ်ငွေလက်ခံမှု နောက်ဆုံးရက်မှာ ၂၃ - ၁ - ၂၀၂၆ ရက်၊ (၁၄:၀၀)နာရီဖြစ်ပြီး အိတ်ဖွင့် လေလံရောင်းချမည့်ရက်မှာ ၂၆-၁-၂၀၂၆ ရက်ဖြစ်ပါသည်။ သိရှိလိုသည်များရှိပါက ဖုန်း-၀၉-၄၄၁၀၃၇၈၈၉ နှင့် ၀၉-၉၅၀၀၅၄၃၂၁ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အခွန်ဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ အထက (ခွဲ) ဈေးတန်းကျောင်း Grade- 5 မှ (ဘ) ဦးစိုးမင်းထွန်း ၁၁/မအန (နိုင်)၀၄၆၈၀၅၏သား မောင်အောင်မြင်သူ၏ အမည်မှန်မှာ မောင်သူရမင်းမြတ် ဖြစ်ပါကြောင်း။

**မောင်သူရမင်းမြတ်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ မရမ်းကျေးရွာအုပ်စု၊ မရမ်းကျေးရွာ၊ ကွင်းအမှတ်(၅၅၉)၊ မရမ်းကွင်း၊ ဦးပိုင်အမှတ် (၁၆၆)၊ ဧရိယာ ၀ ဒသမ ၀၉၃ဧကရှိမြေနှင့် ကွင်းအမှတ် (၅၅၉)၊ မရမ်းကွင်း၊ ဦးပိုင်အမှတ် (၁၀၆)၊ ဧရိယာ ၀ ဒသမ ၁၃၃ ဧကရှိ မြေတို့အား မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ မရမ်းကျေးရွာအုပ်စု၊ မရမ်းကျေးရွာနေ ဦးလှဝင်းမှ မြေငှားဂရန် သက်တမ်းတိုး လျှောက်ထားမှုနှင့် ပတ်သက်၍ ပိုင်ဆိုင်မှု အထောက်အထားများနှင့်အတူ မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြ လျှောက်ထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါသည့်ရက်မှ (၁၅) ရက်အတွင်း ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးလှဝင်း**
**မရမ်းကျေးရွာ၊ မရမ်းကျေးရွာအုပ်စု ပန်းတနော်မြို့နယ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊အကွက်အမှတ် ၄၁၅-မ/၈၊ ဦးပိုင်အမှတ် ၁၀၉/ ကမ်းနားလမ်းနှင့် ဥယျာဉ်ကုန်းလမ်းကြား၊ ၈X၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မြင့်မြင့်ချို ၉/မနမ(နိုင်)၀၄၁၂၇၂က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/2990 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## မြေကွက်များ ဈေးမှန်ပေး၍ ဝယ်လိုပါသည်

ဒဂုံမြောက်ပိုင်း
ဒဂုံအရှေ့ပိုင်း
ဒဂုံတောင်ပိုင်း
ဒဂုံဆိပ်ကမ်း

**ဖုန်း-၀၉-၄၃၀၃၁၉၉၈**
**၀၉-၅၁၂၈၈၃၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၄၁၇၊ ဦးပိုင်အမှတ် ၉၃-ဒ/ ၅၈X၅၉လမ်းကြား၊ ၁၉X၂၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းမိုးဦး ၉/မရမ(နိုင်)၀၆၃၁၂၀၊ ဦးကျော်စိုးဦး ၉/မရမ(နိုင်)၀၆၃၁၀၁၊ ဒေါ်ခင်သန္တာမွန် ၉/မရမ(နိုင်)၀၆၄၆၅၄ တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဒ-၃၀၅၇၄)၊ မြေဧရိယာ ၀ ဒသမ ၁၄၇ ဧကရှိ ဒေါ်သက်တည်ဦး(ဘ)ဦးမြသိန်းထွန်း ၉/ပမန(နိုင်)၀၉၇၉၆၇ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်သက်တည်ဦး မှ ဒေါ်သဇင်မြင့် (ဘ) ဦးမြင့်နိုင် ၁၂/ကတန(နိုင်)၀၈၂၉၄၃ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် (ဠ -၁၅)၊ ဦးပိုင်အမှတ် (၁၁၄)၊ ၇၄လမ်း၊ ၁၁၃X၁၁၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မျိုးမျိုးလင်း ၁/ ဗမန(နိုင်)၀၃၈၇၀၀က အမှုတွဲ အမှတ် (၄၈၃၆/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၁၀)ရပ်ကွက်၊အကွက်အမှတ်-၇၃/မြို့ဝမ်ရပ်၊ ဦးပိုင်အမှတ်(၈/က^A)၊ ဧရိယာ(၀.၂၄၆)ဧက၊ အမှုတွဲအမှတ်-၀၇၃-၅/၂၀၂၂-၂၀၂၃(အေ)၊ ဒေါ်နန်းစိန်ပွင့် ၁၃/လရန(နိုင်)၀၀၄၀၉၀ အမည်ပေါက်မြေကွက်၏ မြေဧရိယာ(၀.၂၄၆)ဧကအနက်မှ မြေဧရိယာ(၀.၀၄၆)ဧကရှိမြေအား ဦးကျော်သူ ၈/မမန (နိုင်)၁၉၀၉၅၆ မှ စာချုပ်အမှတ် -၆၄၊/၂၀၂၅ဖြင့် ဝယ်ယူပြီးဖြစ်သဖြင့် ဦးကျော်သူမှ ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားမည် ဖြစ်ရာကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် (၂၁) ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဖခင် အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲစံပြ ကိုယ်ပိုင်အထက်တန်းကျောင်း Grade(10) မှ မစိုးမိုးသံစဉ်၏ ဖခင် အမည်မှန်မှာ ဦးနေမျိုးမင်း ၇/ သနပ(နိုင်)၁၆၈၀၀၁ ဖြစ်ပါကြောင်း။

**ဖခင်- ဦးနေမျိုးမင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ အေးသာယာရပ်ကွက်၊ ကွင်းအမှတ် (၈၆)၊ ကွင်းအမည် (ပြည်နယ်အားကစားကွင်း)၊ ဦးပိုင်အမှတ် (၅၇)၊ အကျယ်အဝန်း (၀.၁၀၆)ဧကရှိ ဒေါ်သိန်းသိန်းအေး (YNG-၀၅၂၃၆၈) အမည်ပေါက် မြေကွက်၊ ဦးပိုင်အမှတ် (၅၈)၊ အကျယ်အဝန်း (၀.၁၀၈)ဧကရှိ ဒေါ်အေးစန်း (NTI- ၀၄၂၁၈၈)အမည်ပေါက် မြေကွက်၊ ဦးပိုင်အမှတ် (၅၉)၊ အကျယ်အဝန်း (၀.၁၀၅)ဧကရှိ ဒေါ်တင်တင်သန်း (W/ MDY- ၃၁၄၅၃၇) အမည်ပေါက် မြေကွက်၊ ဦးပိုင်အမှတ် (၆၀)၊ အကျယ်အဝန်း (၀.၁၀၃)ဧကရှိ ဒေါ်လီရှောင်ရှမ်း (ခ) ဒေါ်သန်းသန်းအေး (၉/မကန (နိုင်) ၀၇၈၉၆၂)အမည်ပေါက် မြေကွက်၊ စုစုပေါင်းမြေကွက် (၄)ကွက်နှင့် ယင်းမြေကွက်(၄)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လီရှောင်ရှမ်း (ခ) ဒေါ်သန်းသန်းအေး (၉/မကန (နိုင်) ၀၇၈၉၆၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**

**ဒေါ်လင်းလင်းထက်**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ပိန္နဲတောရပ်၊ နတ်စင်လမ်းနေ ဒေါ်ဖွားညွန့် ၆/လလန(နိုင်) ၀၄၀၇၆၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ပိန္နဲတောရပ်ကွက်၊ နတ်စင်လမ်း၊ ကွင်းအမှတ် (၂၉)၊ အကွက် အမည်- ပိန္နဲတော၊ ဦးပိုင်အမှတ် (၁၀၉/ဏ)၊ ဦးအောင်မြင့်+ဦးအောင်ပွင့်တို့မှ အမည်ပေါက်ပိုင်ဆိုင်သော မြို့မြေဧရိယာ (၀.၀၄၇)ဧက ပိုင်ဆိုင်ရှိသော အိမ်နှင့်မြေအား (ကွယ်လွန်သူ-ဦးအောင်ပွင့် လူပျိုကြီးဘဝဖြင့် ကွယ်လွန်) ဦးအောင်မြင့်မှာ လွန်ခဲ့သော နှစ်ခန့်က ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ဖွားညွန့်သာ ကျန်ရှိ၍ ဒေါ်ဖွားညွန့်မှ ပိုင်ဆိုင်ကြောင်း မွေက်ဟစာချုပ်ချုပ် ဆိုထားပြီး ယခုလက်ရှိလက်ရောက် အကျိုးခံစားခွင့် အရပ်ရပ်တို့မှ ဒေါ်ဖွားညွန့်တစ်ဦးတည်းသာ ပိုင်ရှင်အဖြစ် စီမံခန့်ခွဲပိုင်ခွင့်ရှိပါသည်။ ထို့ကြောင့် ဒေါ်ဖွားညွန့်၏ ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း တစ်နည်းနည်းဖြင့် မြေအမည်ပေါက် လွှဲပြောင်းခြင်းများ ပြုလုပ်ခြင်း စသည်တို့အား လုံးဝခွင့်မပြုပါကြောင်း တစ်စုံတစ်ရာပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်ဖွားညွန့်၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြူဖြူလင်း (LL.B) (D.B.L) (D.A.P)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၇၂၃)**
**အမှတ်(၉၇)၊ မြိတ်လမ်း၊ ရှမ္ဗလည်ဆွဲရပ်၊ ထားဝယ်မြို့၊**
**Ph-09-420079464, 09-699055153**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ် (၁၀) ရပ်ကွက်၊ အကွက်အမှတ် ၉/မြို့ဝမ်ရပ်၊ ဦးပိုင်အမှတ် (၁၁၂/၁၅၀)၊ ဧရိယာ (၀.၀၈၄)ဧက၊ ၁၆၃-၅/၂၀၁၂-၂၀၁၃ (အေ)၊ ဒေါ်သီတာရွှေ ၅/ခဥတ(နိုင်)၀၇၃၉၄၈ မှ အမည်ပေါက်ပိုင်ဆိုင်ထားပြီး (၁၀-၄-၂၀၂၄) ရက်တွင် သက်တမ်းကုန်ဆုံး၍ မြေငှားဂရန် ထပ်မံအသစ်လျှောက်ထားလာသဖြင့် လျှောက်ထားမြေနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၃၀)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်သီတာရွှေ ၅/ခဥတ(နိုင်) ၀၇၃၉၄၈ အမည်ပေါက် မြေငှားဂရန်အမှုတွဲအမှတ် ၁၆၃-၅/၂၀၁၂-၂၀၁၃(အေ)အားပယ်ဖျက်သွားမည်ဖြစ်ပြီး ဒေါ်သီတာရွှေအမည်ဖြင့် ထပ်မံအသစ်လျှောက်မြေငှားဂရန် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ချောက်ခရိုင်၊ ချောက်မြို့၊ အမှတ် (၁၅) ရပ်ကွက်၊ ရတနာအိုင့်ရပ်၊ ဦးပိုင်အမှတ် (၁၃၁)၊ မြေကွက်အမှတ် (၁၈၆)၊ ပိုင်ဆိုင်ခွင့်(အစိုးရ)၊ မြေမျိုးနှင့်အတန်း(မြို့မြေ)၊ ဧရိယာ(၀.၀၆၉) ဧကရှိမြေကွက်သည် ဦးကြည်ညွန့် အမည်ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားလာပါသည်။ ထိုသို့ လျှောက်ထားလာမှုအပေါ် မည်သူမဆို ခိုင်လုံလှသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လည်းကောင်း၊ ချောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက ဤမြေငှားဂရန်(အသစ်)လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ချောက်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ပင်လုံရပ်ကွက်၊ ပင်လုံလမ်းမတော်လမ်း၊ ကွင်း/အကွက်အမှတ်-(၄၁/စိုက်ပျိုးရေးရပ်)၊ ဦးပိုင်အမှတ် (၂၇၆)၊ ဧရိယာ(၀.၁၅၄)ဧကရှိ ဝင်းမြေအား ဦးအကျီး ၄/ဖလန(နိုင်) ၀၀၃၈၇၈၊ ဒေါ်အမွှိုင် ၄/ဖလန(နိုင်) ၀၀၃၈၇၉ တို့က ၎င်းတို့အမည်ပေါက် မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပြီး၊ ၎င်းတို့အမည်ဖြင့် မြေငှားဂရန်သက်တမ်းတိုး လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း မှတ်ပုံတင်စာချုပ် စာတမ်းမူရင်းများ စသည့်အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးအကျီး-ဒေါ်အမွှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နွယ်နွယ်အေး (LL.B) တရားလွှတ်တော်ရှေ့နေ စဉ်-၉၂၁၆/၂၀၁၃**
**အမှတ်(၈/၄၉)၊ အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့၊**
**ဖုန်း- ၀၉-၉၄၄၆၄၂၈၉၂၊ ၀၉-၂၅၉၁၆၉၃၄၄**

## မော်တော်ဆိုင်ကယ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် 76W/ 1680, Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မြင့် ၉/မရတ (နိုင်)၁၀၇၁၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန**
**နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ ငါးလုပ်ငန်း ဦးစီးဌာန တာဝန်ခံ ဦးသန်းထွန်းအောင်မှ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ အမှတ် (၁) ရပ်ကွက်၊ ယုဇနမာလာလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာနရုံး ဆောက်လုပ်ထားသည့် ကွင်းအမှတ်(၁၈၆၉-က)၊ ကွင်းအမည်(ဟိုင်းကြီးကျွန်းကွင်း)၊ ဧရိယာ(၀.၁၃၈) ဧကရှိ မြေနေရာအား ယာယီမြေပေးမိန့် ခွင့်ပြုချထားပေးနိုင်ပါရန် တင်ပြလျှောက်ထားလာမှုနှင့် ပတ်သက်၍ ဤသတင်းစာတွင် ထည့်သွင်းကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ငပုတောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငပုတောမြို့**

## မော်တော်ဆိုင်ကယ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 24U/4663 Bajaj RE 205D(198CC) ယာဉ်လက်ဝယ်ရှိသူ ဦးထိန်လင်း ၉/ပမန(နိုင်) ၁၉၃၆၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## မွေးသက္ကရာဇ်အမှန်

ဒိုက်ဦးမြို့နယ်၊ ကတုတ်ဘုရားကြီးအုပ်စု၊ ကန်ညီနောင်ကျေးရွာနေ (ဘ)ဦးထွန်းထွန်းထိုက်၏ သား မောင်ပိုင်ဇေဖြိုးထွန်း ၇/ဒဥန(နိုင်) ၁၈၀၃၀၇ ၏ မွေးသက္ကရာဇ်အမှန်မှာ(၂၆-၄-၂၀၀၁) ဖြစ်ပါကြောင်း။

**မောင်ပိုင်ဇေဖြိုးထွန်း**

## ပြောင်းလဲခေါ်ဆိုပါရန်

ဆင်ပေါင်ဝဲမြို့၊ စည်ပင်လှ၊ အခြေခံပညာ အလယ်တန်းကျောင်း Grade-3 မှ မထူးပြည့်ဇင်လွင် အား မမေမြတ်ဖူးစံဟု ပြောင်းလဲခေါ်ဆိုရန်။

**မမေမြတ်ဖူးစံ**

## သက်ဆိုင်သူနှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)တိုးချဲ့ရပ်ကွက်၊ သုခမ္မာလမ်း၊ သီရိရတနာလက်လီ/လက္ကားဈေး၊ အဆောက်အအုံအမှတ်- I၊ ဆိုင်ခန်းအမှတ် (၃၉)၊ ဆိုင်ခန်းအမှတ်(၄၀)၊ ဆိုင်ခန်းအမှတ်(၄၁)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၁၄ ပေ x အနံ ၄၅ပေ)စီရှိ (၂) ထပ်ဆိုင်ခန်း (၃)ခန်းနှင့် ယင်းဆိုင်ခန်း (၃) ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား အမည်ပေါက်ပိုင်ရှင် Daw Yin Tsi Tsi (၁၃/မဆတ(ပြု)၀၀၀၀၈၅)ထံမှ အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ကိုကိုလွင် (၁၂/လသယ(နိုင်)၀၈၄၁၄၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ဆိုင်ခန်း (၃) ခန်းအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူ မည်သူမဆို ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဒေါ်အေးမင်းသန့် ဥပဒေတွဲ့**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၅၉/၂၀၁၆)**
**အမှတ်-၈၃၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၈၃၇၄၇၉၆၊ ၀၉-၄၅၀၀၂၇၈၃၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

(၁) မန္တလေးတိုင်းဒေသကြီး ၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ (၃)ကွက်၊ ချောင်းရိုးရပ်၊ ဦးပိုင်အမှတ် (၃-ခ)၊ မြေကွက်အမှတ်(၁၈-ဘီ) ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ၏ တတိယထပ်၊ (၄-လွှာ) အကျယ်အဝန်း (၁၅x၅၅)ပေ(မျက်မြင်အတိုင်း)၊ အခန်းအမှတ်(၇)၊ တိုက်ခန်း (၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်သီတာထွေး (၉/မမန(နိုင်)၀၂၃၃၉၄) ထံမှ ဒေါ်ဖြူမာဝင်း (၁၂/ပဘတ(နိုင်)၀၀၃၃၀၉) က (၂၉-၁၂-၂၀၂၅) ရက်စွဲပါ "နှစ်ဦး သဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်" ချုပ်ဆို၍ စရန်တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး၊ (၂) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၃)၊ (၄) ကွက်၊ အကွက်အမှတ်(၄)၊ စာရေးတန်းရပ်၊ ဒဂုံလမ်း၊ ဦးပိုင်အမှတ် (၂၇)၊ မြေယာ အမှတ် (၁၂၈) ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ၏ မြေညီ ထပ်၊ အကျယ်အဝန်းပေ(၂၀x၄၀)ရှိ အခန်းအမှတ် (D-၁)၊တိုက်ခန်း (၁) ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အားဒေါ်ဝိုင်းသန္တာစော(၉/ပဥလ (နိုင်) ၀၃၈၀၉၄) ထံမှ ဒေါ်ဖြူမာဝင်း (၁၂/ ပဘတ(နိုင်)၀၀၃၃၀၉) က (၂၉-၁၂-၂၀၂၅) ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်း အရောင်းအဝယ် စရန်ပေးကတိစာချုပ်" ချုပ်ဆို၍ စရန်တစ်စိတ်တစ်ဒေသအားပေးချေထား ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်း(၂)ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်မည့်သူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်မထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် (၁၄) ရက်ထက်ကျော်လွန်၍ကန့်ကွက်ခြင်းမရှိပါက "အပြီးသတ်ငွေပေးချေခြင်းကိစ္စ"အား တရားဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဖြူမာဝင်း ၁၂/ ပဘတ(နိုင်)၀၀၃၃၀၉**
**အမှတ်(၃၆၇)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**Ph-09-955149786**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ချစ်သောမမ ဒေါက်တာယဉ်ဝေလွင်၊ ဆရာဦးစိန်ခို ဆေးတိုက်နှင့် ဆရာဦးစိန်ခိုဆေးဝါးထုတ်လုပ်ရေး ပြည်မြို့အား (၄-၁-၂၀၂၆) ရက်တွင် နိုင်ငံတော်မှ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်ဖြစ်သည့် “သီဟသုဓမ္မသိင်္ဂီ” ဘွဲ့တံဆိပ်တော်ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူပါသည်။

**မေတ္တာတော်ဝေ ရဟန်းမယ်တော်များအဖွဲ့**
**ကြို့ရသာနှင့်ဇလေ့တင်ရွာ**
**ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ် (၆)၊ မြို့ပတ်လမ်း(အရှေ့)၊ မြေကွက်အမှတ် (၁၂၄၅)၊ အကျယ်အဝန်း (ပေ ၄၀ x ပေ ၆၀ )ရှိ ဦးအာလကူး (CM – ၀၁၆၁၇၁) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးတို့ကို အမည်ပေါက်ဖြစ်သူခင်ပွန်း ကွယ်လွန်၍ဇနီးဖြစ်သူဒေါ်ရီ (ဘ) ဦးဘိုးရင်(၁၂/သကတ(နိုင်)၀၁၉၉၀၈) မှ ယနေ့အချိန်ထိ မိမိမှသာလျှင် လက်ဝယ်လက်ရှိ နေထိုင်ပိုင်ဆိုင်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်အောင် (ဘ) ဦးအလီ (၁၂/တကန(နိုင်)၀၇၀၉၃၆) မှ ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇-ရက်)အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်တင်ဇာလွင် (LL.B)တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၂၄၂၇)**
**အမှတ်(၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**Ph: 09-783535003, 09-987987999**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉)၊ လူနေရပ်ကွက်အမှတ် (၂၉)၊ အောင်သစ္စာ(၁)လမ်း၊ မြေကွက်အမှတ် (၇၉၅-က) ဟုခေါ်တွင်သော နှစ် (၆၀) မြေငှား ဂရန်တွင် ဒေါ်ကျော့ကျော့မွန်-ဦးရဲဆုမွန် အမည်ပေါက် အလျားပေ (၂၀)၊ အနံ(၆၅)ပေ၊ ဧရိယာ စတုရန်းပေ (၁၃၀၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးခင်မောင်ထွေး (၁၀/ပမန(နိုင်) ၀၈၇၄၀၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်ခင်မို့မို့ကြည် (၁၂/သဃက(နိုင်)၀၂၇၀၁၁)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မို့မို့ကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ** | **ဒေါ်မြတ်နိုးခင်(LL.B) အထက်တန်းရှေ့နေ** |
| **စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)** | **စဉ်-၅၃၁၅၀ (၃၀.၆.၂၀၂၀)** |

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၀၉၈၉၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 20W/54623 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် (ဋ-၁၅)၊ ဦးပိုင်အမှတ် (၉၁)၊ ၇၄ လမ်း၊ ၁၁၃x၁၁၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မျိုးမျိုးလင်း ၁/ဗမန(နိုင်)၀၃၈၇၀၀ က အမှုတွဲအမှတ် (၄၈၃၅/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ဦးကျော်ရွှေ-ဒေါ်သက်သက်ဝင်းတို့၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ဖောင်ကူးရွာနေ မောင်ရှိန်းထက်အောင် အား မောင်ဘုန်းမြတ်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဘုန်းမြတ်ကျော်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)၊ တံတားဦးရပ်ကွက်၊ ဦးပိုင်အမှတ် (၇၀/ခ)၊ အကွက်အမှတ် (၁၀)တွင် တည်ရှိသော (၂)ခန်းတွဲ၊(၅)ထပ်အဆောက်အအုံ၏ လမ်းမျက်နှာမူမှ ဘယ်ဘက်အခြမ်း၊ (၄) လွှာ၊ အခန်းအမှတ် (၈)၊ အကျယ်အဝန်း (၁၄x၆၀) ပေရှိတိုက်ခန်း (၁)ခန်းနှင့်ရေ၊ မီးအပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဒေါ်ရီရီသန့် (၉/မမန(နိုင်)၀၁၆၇၄၉)မှ ဦးသန်းနု (၁၂/ ပဘတ(နိုင်)၀၂၇၇၈၁)ထံသို့ (၄-၁-၂၀၂၆) ရက်စွဲပါ “နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်”ချုပ်ဆို၍ စရန်တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်တော့်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် (၁၄) ရက်ထက်ကျော်လွန်၍ ကန့်ကွက်ခြင်းမရှိပါ က“အပြီးသတ်ငွေပေးချေခြင်းကိစ္စ”အား တရားဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းနု ၁၂/ ပဘတ(နိုင်)၀၂၇၇၈၁**
**အမှတ်(၃၆၇)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၆၅၇၄၉၇၈၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးပြည့်ဖြိုးအောင် (၅/ကနန(နိုင်)၀၇၄၂၇၈) သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် (မန်း-၁၁၉/၂၄) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၄၀၂၂၈၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
## ရန်ကုန်တိုင်းဒေသကြီး ၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊
## သစ်တောဦးစီးဌာနမှ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း
## အမှတ်စဉ် (၄/၂၀၂၅-၂၆)ကြော်ငြာ

၁။ ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာန၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSME) ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ကြီးမြို့နယ်၏ ကျွန်းဖုံတို/ကျွန်းယောင်ခြမ်း၊ လုံးပတ် (၃) ပေအောက် ကျွန်းဖုံတို (၇.၃၅၁၁) တန်၊ လှည်းကူးမြို့နယ်မှ ကျွန်းပါကေးအကြမ်းတုံး (၅.၅၁၆၂) တန်နှင့် သဃ်န်းကျွန်းမြို့နယ်မှ ကျွန်းပါကေးအကြမ်းတုံး (၂.၈၁၀၄) တန်နှင့် ပုံမှန်လေလံအတွက် အင်းစိန်မြို့နယ်၏ ကျွန်းပရိဘောဂများ (၁.၉၉၂၄) တန်၊ လှည်းကူးမြို့နယ်မှ ကျွန်းပရိဘောဂ(၅.၃၃၇၁)တန်၊ ပျဉ်းကတိုးလျှာထိုး/ပျဉ်းကတိုးကျည်းဘောင်(၁.၃၇၉၈)တန်နှင့် သဃ်န်းကျွန်း မြို့နယ်မှ ကျွန်းပြတင်းတံခါး(၁.၃၀၃၀) တန်၊ ပျဉ်းကတိုးခွဲသား(၀.၂၉၄၁)တန်တို့အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို အောက်ပါအစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။

**ကျင်းပမည့်အစီအစဉ်**

(၁) **နေ့ရက်/ အချိန်** – (၂၆.၁.၂၀၂၆)ရက် (၉:၃၀)မှ (၁၆:၃၀) နာရီအထိ
(၂) **နေရာ** – သစ်တောခမ္မာရုံ၊ ကြို့ကုန်းသစ်တောဝင်းဘုရင့်နောင်လမ်း ၊ အင်းစိန်မြို့နယ်

၂။ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်လိုင်စင်ရရှိထားသည့် ပရိဘောဂနှင့် ပန်းပုလုပ်ငန်းရှင်များ၊ သစ်အခြေခံ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း၊ သစ်စက်နှင့် သစ်အရောင်းဆိုင်လုပ်ငန်းရှင်များသည်(၁၉.၁.၂၀၂၆)ရက်မှ(၂၃.၁.၂၀၂၆)ရက် အထိ အင်းစိန်မြို့နယ်(အနောက်ကြို့ကုန်း)ရှိ ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ဈေးပြိုင်လေလံဝယ်ယူခွင့်လျှောက်လွှာ(၁)စောင်လျှင်(၃၀၀၀ိ/-)နှုန်းဖြင့် လိုင်စင်မိတ္တူနှင့်အတူ ဝယ်ယူလျှောက်ထားနိုင်ပါသည်။

